ရေကျော်ကုန်းကျေးရွာ

ကန်ကြီးထောင့်မြို့နယ်

# ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်

# (၂၀၁၈-၂၀၂၂)



ပြုစုရေးဆွဲသူ

ကျေးရွာဖွံ့ဖြိုးရေးကော်မတီ

ရေကျော်ကုန်းကျေးရွာ၊ ကန်ကြီးထောင့်မြို့နယ်

(စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊
ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ကူညီရေးဆွဲသည်)

၂၀၁၈ ခုနှစ်၊ မေ လ

**မာတိကာ**


မာတိကာ ၁

စကားချီး ၅

ရေကျော်ကုန်းကျေးရွာအရင်းအမြစ်ပြမြေပုံ၊ ကန့်ကြီးထောင့်မြို့နယ် ၇

**အပိုင်း(က) ကျေးရွာဖွံ့ဖြိုးရေးဗျူဟာ နှင့် အစီအစဉ် ၈**

**(၁) နိဒါန်း- ကျေးရွာဖွံ့ဖြိုးရေးရည်ရွယ်ချက်နှင့် လွှမ်းခြုံသက်ရောက်မှု** ၈

(က) ရည်ရွယ်ချက်နှင့်ကျိုးကြောင်းဖော်ပြချက်

(ခ) စီမံကိန်း၏ လွှမ်းခြုံသက်ရောက်မှု

**(၂) ကျေးရွာ၏ ပထဝီဝင် အနေအထားနှင့် သဘာဝအရင်းအမြစ်များ ၁၀**

(က) တည်နေရာ၊ ရာသီဥတုနှင့် မြေမျက်နှာသွင်ပြင် အနေအထား

(ခ) သဘာဝအရင်းအမြစ်များ

**(၃) ကျေးရွာ၏ လူမှုဖွံ့ဖြိုးတိုးတက်ရေး အခြေအနေ ၁၁**

(က) လူဦးရေဆိုင်ရာ အချက်လက်များ

(ခ) စီးပွားရေးအခြေအနေ - ဝင်ငွေ၊ ပိုင်ဆိုင်မှုနှင့် မမျှတမှု

(ဂ) ဆင်းရဲနွမ်းပါးမှုနှင့် ထိခိုက်နစ်နာလွယ်မှု

(ဃ) ကျန်းမာရေး နှင့် အာဟာရ

(င) ပညာရေးနှင့်ကျွမ်းကျင်မှုများ

(စ) ကျားမဆိုင်ရာဆက်နွယ်မှု

**(၄) ကဏ္ဍအသီးသီး၏လက်ရှိ ဖွံ့ဖြိုးတိုးတက်မှု အခြေအနေ ၁၄**

(က) ဖွံ့ဖြိုးရေးဆိုင်ရာ စီမံအုပ်ချုပ်မှုစနစ်

(ခ) သီးနှံ၊ သားငါး ထုတ်လုပ်ရေးကဏ္ဍ

(ဂ) စိုက်ပျိုး မွေးမြူရေးမဟုတ်သော အသက်မွေးဝမ်းကျောင်းလုပ်ငန်းများ

(ဃ) ပတ်ဝန်းကျင်နှင့် သဘာဝအရင်းအမြစ်များဆိုင်ရာစီမံခန့်ခွဲမှု

(င) ဘဏ်နှင့်ငွေကြေးဆိုင်ရာ ဝန်ဆောင်မှု

(စ) ပညာရေး၊ ကျန်းမာရေး၊ ရေနှင့်ပတ်ဝန်းကျင်သန့်ရှင်းရေး

(ဆ) လူငယ်နှင့် ယဉ်ကျေးမှု

(ဇ) အခြေခံအဆောက်အဦများအားလက်လှမ်းမီမှု - လမ်းတံတား၊ လျှပ်စစ်စွမ်းအား၊ သတင်းနှင့် ဆက်သွယ်ရေး

(ဈ) တည်ငြိမ်အေးချမ်းမှုနှင့် ပြည်သူ့လုံခြုံရေး

**(၅) ကျေးရွာဖွံ့ဖြိုးတိုးတက်မှုကိုအထောက်အပံ့ဖြစ်စေသော အခြေအနေကောင်းများ၊ အဟန့်အတားများနှင့် ကျော်လွှားရမည့် စိန်ခေါ်မှုများ ၁၈**

(က) ဖွံ့ဖြိုးတိုးတက်မှုကို အထောက်အပံ့ဖြစ်စေသော အခြေအနေကောင်းများ

(ခ) အဟန့်အတားများနှင့် ကျော်လွှားရမည့် စိန်ခေါ်မှုများ

**(၆) ကျေးရွာဖွံ့ဖြိုးရေး ပန်းတိုင်နှင့် ဗျူဟာ ၂၀**

**(၇) ကျေးရွာဖွံ့ဖြိုးတိုးတက်မှု ကိစ္စရပ်များနှင့် ဗဟိုအဆင့်မူဝါဒများအကြား အစီအစဉ်ကျသော ချိတ်ဆက်မှုများ ၂၂**

**(၈) ဦးစားပေးစီမံချက်များနှင့် အကောင်အထည်ဖော်ဆောင်ရွက်မည့် အချိန်ကာလ ၂၃**

(က) နှစ်ပတ်လည် ကျေးရွာဖွံ့ဖြိုးရေး အစီအစဉ်

(ခ) ကဏ္ဍ နှင့် ရင်းနှီးမြှုပ်နှံမှုကိုအခြေခံ၍ စီမံချက်အုပ်စုသတ်မှတ်ခြင်း

(ဂ) ဦးစားပေး စီမံချက်များ

(ဃ) အကောင်အထည်ဖော်မည့် အချိန်ကာလ

**(၉) ဘတ်ဂျက်နှင့် ငွေကြေးဆိုင်ရာ အစီအစဉ် ၂၇**

**(၁၀) ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများ အကောင်အထည်ဖော်မည့် နည်းလမ်းနှင့်အစီအစဉ်များ ၂၈**

(က) ကျေးရွာဖွံ့ဖြိုးရေးကော်မတီ၏ အခန်းကဏ္ဍ

(ခ) ဖွံ့ဖြိုးရေး မိတ်ဖက် အဖွဲ့အစည်းများ

(ဂ) ကန်ထရိုက်နှင့် ဝန်ဆောင်မှုပေးသည့် အဖွဲ့အစည်းများ

(ဃ) ကျေးရွာ၏ ဖွံ့ဖြိုးရေးလုပ်ငန်းများလည်ပတ်ရန် နှင့် ပြုပြင်ထိန်းသိမ်းရန်အတွက် အဖွဲ့အစည်းဆိုင်ရာနှင့် ငွေကြေးဆိုင်ရာ အစီအစဉ်များ

**(၁၁) စီမံကိန်းကြီးကြပ်စစ်ဆေးခြင်းနှင့်အကဲဖြတ်သုံးသပ်ခြင်း ၃၀**

(၁၁-၁) ကြီးကြပ်စစ်ဆေးခြင်း

(၁၁-၂) နှစ်ပတ်လည် ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်း ဆောင်ရွက်ပြီးစီးမှု အကဲဖြတ်ခြင်း

(၁၁-၃) နည်းပညာဆိုင်ရာ အကူအညီ

**နောက်ဆက်တွဲ**

**နောက်ဆက်တွဲ (၁) စီမံကိန်းဇယားများ ၃၃**

**(၁) လူမှုစီးပွားရေး အခြေအနေ**

ဇယား ၁ လူဦးရေနှင့် လူဦးရေဆိုင်ရာ အချက်အလက်များ

ဇယား ၂ လုပ်သားအင်အားနှင့် ဝင်ငွေရ လုပ်ငန်းအမျိုးအစား

ဇယား ၃ လုပ်ငန်းနှင့် ကျား၊ မအလိုက် အနည်းဆုံးနှင့် အများဆုံး လုပ်အားခနှုန်းထား
ဇယား ၄ ကျေးရွာ၏စိုက်ပျိုးမြေပိုင်ဆိုင်မှု
ဇယား ၅ ဓာတ်သတ္တုနှင့် အခြားသဘာဝ အရင်းအမြစ်များ
ဇယား ၆ ဥစ္စာဓနအဆင့် အခြေအနေ
ဇယား ၇ ချေးငှားခြင်းမရှိဘဲ တစ်နေ့လျှင် အနည်းဆုံး နှစ်နပ်စားနိုင်သည့်အိမ်ထောင်စုများ
ဇယား ၈ ကူညီစောင့်ရှောက်မှုအထူးလိုအပ်သော အုပ်စုများ၏ထိခိုက်လွယ်မှုအခြေအနေ
ဇယား ၉ ကျေးရွာ၏ ထိခိုက်သက်ရောက်လွယ်မှု အခြေအနေ
ဇယား ၁၀ ထိခိုက်သက်ရောက်မှုခံရနိုင်သည့်သူများ

**(၂) ကျေးရွာ၏လက်ရှိ ဖွံ့ဖြိုးရေး အခြေအနေ**

ဇယား ၁၁ ကျေးရွာတွင်းရှိ လူထုအခြေပြု အဖွဲ့အစည်းများ
ဇယား ၁၂ ကျေးရွာဖွံ့ဖြိုးရေးဆောင်ရွက်နေသော ပြင်ပအဖွဲ့အစည်းများ
ဇယား ၁၃ ကျေးရွာ၏စိုက်ပျိုးမြေပိုင်ဆိုင်မှု၊ မြေယာပိုင်ဆိုင်သည့် အိမ်ထောင်စု
ဇယား ၁၄ ကျေးရွာ၏ ရေအရင်းအမြစ် နှင့် ရေသွင်းဧရိယာ
ဇယား ၁၅ အဓိကသီးနှံများနှင့် အထွက်နှုန်း
ဇယား ၁၆ ကျေးရွာ၏ စိုက်ပျိုးရေးသုံး ကိရိယာများ ပိုင်ဆိုင်မှု
ဇယား ၁၇ သီးနှံထုတ်လုပ်မှု တိုးစေရန်အတွက် အခွင့်အလမ်းများ
ဇယား ၁၈ သီးနှံထုတ်လုပ်မှုအတွက် ပြဿနာနှင့် အခက်အခဲများ
ဇယား ၁၉ မွေးမြူရေးနှင့်ငါးလုပ်ငန်းဆောင်ရွက်မှုအခြေအနေ
ဇယား ၂၀ မွေးမြူရေးနှင့် သားငါးထုတ်လုပ်မှုတိုးတက်စေရန်အတွက် အခွင့်အလမ်းများ
ဇယား ၂၁ မွေးမြူရေးနှင့် သားငါးထုတ်လုပ်မှုတိုးတက်စေရန်အတွက် ပြဿနာနှင့် စိန်ခေါ်မှုများ
ဇယား ၂၂ စိုက်ပျိုးမွေးမြူရေးမဟုတ်သော အသက်မွေးလုပ်ငန်းများအတွက် အခွင့်အလမ်းများ
ဇယား ၂၃ စိုက်ပျိုးမွေးမြူရေးမဟုတ်သော အသက်မွေးလုပ်ငန်းများအတွက် ပြဿနာနှင့် အခက်အခဲများ
ဇယား ၂၄ ရွှေ့ပြောင်းသွားလာမှု ဖြစ်ပေါ်လာပုံ၊ ပုံစံနှင့် အချိန်ကာလ
ဇယား ၂၅ ရွှေ့ပြောင်းသွားလာရခြင်း၏ အဓိက အကြောင်းရင်း
ဇယား ၂၆ ရွှေ့ပြောင်းလုပ်ကိုင်သူများမှပြန်ပို့ငွေ
ဇယား ၂၇ ကုန်စည်နှင့် ဝန်ဆောင်မှု၊ ဈေးကွက်လက်လှမ်းမီမှု အခြေအနေ
ဇယား ၂၈ ငွေကြေးလက်လှမ်းမီမှုနှင့် ဘဏ်လုပ်ငန်း
ဇယား ၂၉ သဘာဝပတ်ဝန်းကျင်နှင့်သဘာဝရင်းမြစ်စီမံခန့်ခွဲမှုအတွက်လက်ရှိအလေ့အကျင့်နှင့် အခက်အခဲများ
ဇယား ၃၀ မူလတန်း၊ အလယ်တန်း၊ အထက်တန်းနှင့် တက္ကသိုလ်အဆင့် စာတတ်မြောက်မှုနှုန်း

ဇယား ၃၁ ကျောင်းတက်နှုန်း
ဇယား ၃၂ စာသင်ကျောင်းဆောင် အခြေအနေနှင့် ဝန်ဆောင်မှုများ
ဇယား ၃၃ ပညာရေး အခက်အခဲနှင့် ပြဿနာများ
ဇယား ၃၄ အဖြစ်များသော ရောဂါများ
ဇယား ၃၅ လွန်ခဲ့သော (၁၂) လအတွင်း ကာကွယ်ဆေးထိုးနှံမှု
ဇယား ၃၆ ကျန်းမာရေး အထောက်အပံ့နှင့် ဝန်ဆောင်မှုများ
ဇယား ၃၇ သောက်သုံးရေရရှိနိုင်မှု
ဇယား ၃၈ အိမ်သာ အမျိုးအစား
ဇယား ၃၉ ကျား-မ ရေးရာ
ဇယား ၄၀ ကျေးရွာ၏ လမ်းတည်ရှိမှုအခြေအနေ
ဇယား ၄၁ ကျေးရွာ၏ တံတားတည်ရှိမှုအခြေအနေ
ဇယား ၄၂ ရေကြောင်းသယ်ယူပို့ဆောင်ရေး
ဇယား ၄၃ သယ်ယူပို့ဆောင်ရေးယာဉ်များ
ဇယား ၄၄ လျှပ်စစ်မီးရရှိမှု အခြေအနေ
ဇယား ၄၅ ဆက်သွယ်ရေး နှင့် သတင်းအချက်အလက်နည်းပညာ အခြေအနေ
ဇယား ၄၆ ယဉ်ကျေးမှုနှင့်လူငယ်ဖွံ့ဖြိုးရေး အခြေအနေ
ဇယား ၄၇ ဘေးကင်းလုံခြုံရေး၊ ဝန်ဆောင်မှု အထောက်အကူများအား လက်လှမ်းမှီမှု
ဇယား ၄၈ မူခင်းဖြစ်ပွားမှု အခြေအနေ

**နောက်ဆက်တွဲ (၂) ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးကို အထောက်အပံ့ဖြစ်စေမည့် အခြေအနေကောင်းများ၊ အဟန့်အတားနှင့်ရင်ဆိုင်ကျော်လွှားရမည့် စိန်ခေါ်မှုများ** ၇၀

ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးကို အထောက်အပံ့ဖြစ်စေသော အခြေအနေကောင်းများ
ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးအတွက် အဟန့်အတားနှင့်ရင်ဆိုင်ကျော်လွှားရမည့် စိန်ခေါ်မှုများ

**နောက်ဆက်တွဲ (၃)** ကျေးရွာဖွံ့ဖြိုးရေးကွင်းဆက် (ပြဿနာဆန်းစစ်ခြင်းမှ ဖြေရှင်းနည်းအထိ) **၇၃**

**ကိုးကားစာရင်း** ၇၆

**စကားချီး**

ဤကျေးရွာဖွံ့ဖြိုးရေးစီမံချက်သည် ၂၀၁၇-၁၈ ဘဏ္ဍာရေးနှစ်မှ ၂၀၁၁-၂၀၂၂ ခုနှစ် အထိ (၅) နှစ်ကြာ အကောင်အထည်ဖော်ဆောင်ရွက်မည့် ကျွန်ုပ်တို့ကျေးရွာ၏ ပထမဦးဆုံးသော လူအများပါဝင်ရေးဆွဲထားသည့် ကျေးရွာဖွံ့ဖြိုးရေးစီမံချက်ဖြစ်ပါသည်။ ကနဦးအနေဖြင့် စီမံချက်ဖြစ်မြောက်ရေးအတွက် လိုအပ်သောနည်းပညာများ ပံ့ပိုးပေးသော စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနအား အထူးပင်ကျေးဇူးတင်ရှိပါသည်။ အရေးကြီးသော အချက်အလက်များနှင့် အကြံဉာဏ်များကို တက်တက်ကြွကြွ ပံ့ပိုးပေးသော ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးနှင့် သက်ဆိုင်ရာဝန်ထမ်းများကိုလည်း ကျေးဇူးတင်ရှိပါသည်။

ကျွန်ုပ်တို့ကျေးရွာတွင် ကျွန်ုပ်တို့ကိုယ်တိုင် ရပ်ရွာလုပ်ငန်းများကို စီစဉ်ချမှတ်ဆောင်ရွက်ခဲ့ကြသော်လည်း လူထုအများ စနစ်တကျပူးပေါင်းပါဝင်ဆောင်ရွက်သည့် နည်းလမ်းများနှင့် လုပ်ထုံးလုပ်နည်းများကို မသိခဲ့ကြပါ။ လူထုကိုယ်တိုင် စနစ်တကျ ပူးပေါင်းဆောင်ရွက်နည်းကိုအသုံးပြု၍ ကျွန်ုပ်တို့ အချင်းချင်းတိုင်ပင်ဆွေးနွေးညှိနှိုင်းအဖြေရှာကြရာတွင် ကူညီပံ့ပိုးပေးသည့် အစီအစဉ်ရေးဆွဲရေး ကျွမ်းကျင်သူအဖွဲ့တစ်ဖွဲ့ကို မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ စီစဉ်ဆောင်ရွက်ပေးပါသည်။ ဤလုပ်ငန်းစဉ်ကြောင့် ကျွန်ုပ်တို့သည် ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်ရေးဆွဲရာတွင် ကိန်းဂဏန်းနှင့် သတင်းအချက်အလက်တို့၏ အရေးပါမှုကို သိရှိရုံသာမက ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးရုံးကဲ့သို့သော ကိန်းဂဏန်းအချက်အလက် ရရှိနိုင်သောနေရာများမှလည်း ကောက်ယူရရှိခဲ့ပါသည်။ ထို့ပြင် ထပ်မံလိုအပ်သော ကိန်းဂဏန်း၊ အချက်အလက်များနှင့် နည်းပညာပံ့ပိုးမှုတို့ကို မြို့နယ်အဆင့် ဌာနဆိုင်ရာများမှ ရယူရန်လိုအပ်ကြောင်းကိုလည်း ကောင်းစွာသိရှိခဲ့ပါသည်။

ယခုရေးဆွဲထားသောအစီအစဉ်ကို ထပ်မံရရှိသည့် ကိန်းဂဏန်းအချက်အလက်များ ထပ်ဖြည့်ပေးခြင်းဖြင့် ပိုမိုကောင်းလာမည်မှာသေချာပါသည်။ ဤလုပ်ငန်းသည် ဆက်လက်လုပ်ဆောင်ရမည့် လုပ်ငန်းဖြစ်ပြီး လုပ်ငန်းဆောင်ရွက်နေမှုတစ်ဝက်ခန့်အရောက်တွင် လုပ်ငန်းတိုးတက်မှု၊ ပေါ်ပေါက်လာသည့် အခက်အခဲများနှင့် ဦးစားပေးရွေးချယ်မှုများနှင့် လုပ်ငန်းအစီအစဉ်များကို မူဘောင်အတွင်း ပြုပြင်ပြောင်းလဲမှုများ ဆက်လက်လုပ်ဆောင်သွားရပါမည်။

ဤဖွံ့ဖြိုးရေးအစီအစဉ်တွင်ဖော်ပြပါရှိသော ဦးစားပေးလုပ်ငန်းများ စုစည်းဆောင်ရွက်နိုင်ရန်အတွက် ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူး၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနတို့၏ ဆက်လက် ပံ့ပိုးမှုများ ရရှိနိုင်မည်ဟု ကျွန်ုပ်တို့မျှော်လင့်ပါသည်။ ဆက်လက်၍ နောင်တွင်လည်း ကျွန်ုပ်တို့၏ ဖွံ့ဖြိုးရေးဆိုင်ရာ အားထုတ်မှုအခြေအနေများကို ဆန်းစစ်သုံးသပ်ရန်နှင့် အကဲဖြတ်ရန်အတွက် ပံ့ပိုးကူညီမှုများ ရရှိနိုင်မည်ဖြစ်ပါကြောင်း ယုံကြည်ပါသည်။

ဤအစီအစဉ်တွင် အပိုင်း (၂) ပိုင်း ပါရှိပါသည်။ အပိုင်း (က) တွင် ဖွံ့ဖြိုးရေးဗျူဟာနှင့် လုပ်ငန်းအစီအစဉ်တို့ပါဝင်ပါသည်။ အကောင်အထည်ဖော်မည့်ဗျူဟာ၊ ဦးစားပေးလုပ်ငန်းအစီအစဉ်များ၊ ဘတ်ဂျက်နှင့် ငွေကြေးဆိုင်ရာရရှိနိုင်မည့် လမ်းကြောင်းနှင့် လုပ်ငန်းဆောင်ရွက်မှုအဆင့်ဆင့်တို့ကို အဓိကဖော်ပြထားပါသည်။ အပိုင်း (ခ) သည် စီမံကိန်းဆိုင်ရာအချက်အလက်များ၏ အကြောင်းအရာများ ဖြစ်ပြီး အဆိုပြုစီမံကိန်း လုပ်ငန်းများ၏အသေးစိတ်အချက်အလက်များပါဝင်ပါသည်။

မေလ၊ ၂၀၁၈ ခုနှစ်

ကျေးရွာဖွံ့ဖြိုးရေးအဖွဲ့

ရေကျော်ကုန်းကျေးရွာ၊ ဘုရားချောင်းကျေးရွာအုပ်စု

ကန့်ကြီးထောင့်မြို့နယ်

## ရေကျော်ကုန်းကျေးရွာ အရင်းအမြစ်ပြမြေပုံ၊ ကန်ကြီးထောင့်မြို့နယ်



## အပိုင်း(က) ကျေးရွာဖွံ့ဖြိုးရေး ဗျူဟာ နှင့် လုပ်ငန်းအစီအစဉ်

### ၁ နိဒါန်း

### ၁.၁ ရည်ရွယ်ချက်

ဧရာဝတီတိုင်းဒေသကြီး၊ ပုသိမ်ခရိုင်၊ ကန်ကြီးထောင့်မြို့နယ်၊ ဘုရားချောင်းကျေးရွာအုပ်စု၊ ရေကျော်ကုန်းကျေးရွာသည် အိမ်ခြေနည်းပါးခြင်း၊ လူဦးရေနည်းပါးခြင်း၊ ဖွံ့ဖြိုးတိုးတက်မှုများလည်း နည်းပါးနေခြင်းတို့ကြောင့် ဤအစီအစဉ်တွင် ပါဝင်ရခြင်းဖြစ်ပါသည်။ ဤကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်သည် အစိုးရဌာနများ၊ ပြည်တွင်း/ ပြည်ပအဖွဲ့အစည်းများ၏ နိုင်ငံအတွင်းဆောင်ရွက်ခဲ့ပြီးသော ဖွံ့ဖြိုးရေးလုပ်ငန်းအတွေ့အကြုံများကို လေ့လာသုံးသပ်ပြီး တစ်နိုင်ငံလုံး ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းများ ရေးဆွဲအကောင်ထည်ဖော်မည့် အစီအစဉ်သစ်ဖြစ်ကြောင်း သိရှိရပါသည်။

ယခင်ကဖွံ့ဖြိုးရေး အစီအစဉ်ရေးဆွဲရေးအတွေ့အကြုံမရှိခဲ့ပါ။ ထို့ကြောင့် ကျွန်ုပ်တို့၏ ပထမဦးဆုံးသော ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်ကို နိုင်ငံတော်၏အကူအညီဖြင့် ရေးဆွဲရာတွင် ကျေးရွာလူထုပါဝင်မှုအားနည်းရပါသည်။ ဤအစီအစဉ်ရေးဆွဲပြီးနောက် ကျေးရွာ၏ ဖွံ့ဖြိုးရေးဆိုင်ရာကိန်းဂဏန်း၊ သတင်းအချက်အလက်များပြုစုရန် အရေးကြီးပုံကို အလေးထားမိလာကြပါသည်။ ထို့အပြင် ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးရုံး၊ ဌာနဆိုင်ရာများစသည်တို့ထံမှ လိုအပ်သောကိန်းဂဏန်း၊ သတင်းအချက်အလက်များရယူရန်နှင့် ကျွန်ုပ်တို့၏ကျေးရွာစီမံကိန်း အကောင်အထည်ဖော်ရန်လိုအပ်သော နည်းပညာများရရှိရန် အရေးကြီးကြောင်းကိုပါ သတိပြုမိပါသည်။ သို့သော် အလွယ်တကူတက်ကျွမ်းမှုမရှိ၍ စီစဉ်ဆောင်ရွက်ရာတွင် ခက်ခဲပါသဖြင့် မိမိတို့ ဉာဏ်ရည်ဉာဏ်သွေး ပူးပေါင်းပါဝင်မှုများဖြင့် ပြုစုတင်ပြသွားမည်ဖြစ်ပါသည်။

ဤအစီအစဉ်တွင် ကျေးရွာ၏ လက်ရှိလူမှုစီးပွားရေးနှင့် ဖွံ့ဖြိုးရေးအခြေအနေများ၊ ကြုံတွေ့နေရသောပြဿနာများ၊ ထိုပြဿနာများဖြစ်ရသည့် အရင်းခံအချက်များ၊ ဖွံ့ဖြိုးရေးကို အပံ့အပိုးဖြစ်စေသောအချက်များနှင့် အဟန့်အတားဖြစ်စေသောအချက်များ၊ (၅) နှစ်တာ ကာလအပြီးတွင် ရရှိအောင် ဆောင်ရွက်လိုသည့် ရည်မှန်းချက်များ၊ ထိုရည်မှန်းချက်များရရှိရန် ကျွန်ုပ်တို့ ကျေးရွာအနေနှင့် ဆောင်ရွက်မည့်နည်းဗျူဟာများ၊ စီမံချက်များကို ရှင်းရှင်းလင်းလင်းဖော်ပြထားပါသည်။ ထို့ပြင် ဦးစားပေးလုပ်ငန်းများလုပ်ဆောင်ရန် လိုအပ်သောအရာများနှင့် ငွေကြေးရရှိနိုင်မည့် လမ်းကြောင်းများကိုလည်း ဖော်ပြထားပါသည်။

ကျွန်ုပ်တို့၏ ဖွံ့ဖြိုးရေးမိတ်ဖက်များဖြစ်သော အစိုးရဌာနများ၊ အစိုးရမဟုတ်သောအဖွဲ့အစည်းများ၊ အရပ်ဖက်လူမှုရေးအဖွဲ့အစည်းများ၊ ပုဂ္ဂလိကကဏ္ဍ၊ ဘဏ်များ၊ စာပေပညာရှင်များ၊ သတင်းနှင့်

ပြည်သူ့ဆက်သွယ်ရေးအဖွဲ့အစည်းများ၏ အာရုံစိုက်မှုကိုရစေပြီး ကျေးရွာဖွံ့ဖြိုးရေးနှင့် ပတ်သက်သူ မှန်သမျှတို့သည် ဤအစီအစဉ်မှတ်တမ်း၏ အသုံးဝင်မှုများကိုသိရှိစေရန် မျှော်လင့်ပါသည်။

## အစိုးရနှင့် အခြားအဖွဲ့အစည်းများအတွက် အသုံးဝင်မှု

ကျွန်ုပ်တို့၏ကျေးရွာအဆင့် အားထုတ်မှုများအတွက် မူဝါဒနှင့်ဖွံ့ဖြိုးရေးဆိုင်ရာ အကူအညီများကို စုစည်းဆောင်ရွက်ပေးနိုင်ရန် ဤဖွံ့ဖြိုးရေးစီမံချက်ကို မြို့နယ်အဆင့်၊ ပြည်နယ်နှင့် တိုင်းအဆင့်၊ ပြည်ထောင်စုအဆင့် အစိုးရအဖွဲ့အစည်းများအား တင်ပြမည်ဖြစ်ပါသည်။

ပုဂ္ဂလိက ကဏ္ဍအဖွဲ့များအတွက် အသုံးဝင်မှုများအနေဖြင့် ကျေးရွာလူထု၏လိုလားချက်နှင့် ၎င်းတို့၏စီးပွားရေးဆိုင်ရာဝန်ဆောင်မှုများ ချိတ်ဆက်မှုဖွံ့ဖြိုးလာစေရန် ဗျူဟာမြောက်ဆောင်ရွက်လာနိုင်မည်ဖြစ်သည်။

အစိုးရမဟုတ်သောအဖွဲ့အစည်းများ (NGOs)၊ အရပ်ဖက်လူမှုအဖွဲ့အစည်းများ (CSOs) နှင့် အလှူရှင်အဖွဲ့အစည်းများသည် ကျေးရွာလူထု၏ အမှန်တကယ်လိုအပ်ချက်များနှင့် ဦးစားပေးဆောင်ရွက်ရမည့် လုပ်ငန်းများအား ပိုမိုသိရှိလာနိုင်မည်ဖြစ်သည်။

ဘဏ်လုပ်ငန်းရှင်များနှင့် အသေးစားချေးငွေလုပ်ငန်းရှင်များအနေဖြင့် ကျေးလက်ဒေသရှိ ငွေကြေးဆိုင်ရာ လိုအပ်ချက်များအတွက် သတင်းအချက်အလက်များ ပိုမိုသိရှိလာနိုင်မည် ဖြစ်သည်။ သို့မှသာ တစ်နိုင်ငံလုံးအတိုင်းအတာအရ ပါဝင်လှူဒါန်းမည်ဆိုပါက ပိုမိုထိရောက်နိုင်မည်ဖြစ်ပါသည်။

နည်းပညာအထောက်အပံ့ပေးမည့် အဖွဲ့အစည်းများနှင့် တက္ကသိုလ်များအနေဖြင့် ကျွန်တော်တို့ကျေးရွာနှင့် ကျေးလက်လူထု၏ တိကျသောလိုအပ်ချက်များအား သိရှိလာခြင်းကြောင့် ကျွန်တော်တို့ကျေးရွာနှင့်ဆိုင်သော ၎င်းတို့၏သုတေသနလုပ်ငန်းများကို စီစဉ်ဆောင်ရွက်လာနိုင်မည်ဖြစ်သည်။ လုပ်ငန်းအကြီးစားများမဟုတ်ဘဲ လူထုကိုယ်တိုင် ပါဝင်ဆောင်ရွက်နိုင်သည့် လုပ်ငန်းအသေးစားများဖြစ်၍ လူထုမှလည်း ထိုက်သင့်သည့် လုပ်အားများထည့်ဝင်နိုင်ခြင်း၊ စိတ်ပါဝင်စားမှု၊ ကိုယ်တိုင် ပါဝင်ဆောင်ရွက်နိုင်မှု၊ စိတ်အားထက်သန်မှုနှင့် အတွေ့အကြုံများလည်း ရရှိနိုင်မည်ဖြစ်ပါသည်။

မီဒီယာများ၊ ပြန်ကြားဆက်သွယ်ရေးနှင့် ပြည်သူ့အရေးရပ်တည်မှုပေးသည့် အဖွဲ့အစည်းများအနေဖြင့် ယုံကြည်ရလောက်သည့် သတင်းအချက်အလက်များကို ရရှိနိုင်မည်။

နိုင်ငံတကာဖွံ့ဖြိုးရေးမိတ်ဖက်များဖြစ်သည့် ကုလသမဂ္ဂအဖွဲ့အစည်းများ၊ နိုင်ငံတကာငွေကြေးဆိုင်ရာအဖွဲ့အစည်းများ (ကမ္ဘာ့ဘဏ်၊ အာရှဖွံ့ဖြိုးရေးဘဏ်)၊ နိုင်ငံတကာအစိုးရမဟုတ်သော အဖွဲ့အစည်းများနှင့် အလှူရှင်အဖွဲ့အစည်းများအနေဖြင့် ၎င်းတို့အချင်းချင်း ပေါင်းစည်းဆောင်ရွက်မှု ပိုမိုကောင်းမွန်

စေပြီး ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်များကို မြို့နယ်အဆင့်တွင် ပေါင်းစပ်ညှိနှိုင်းစီစဉ်မှုများ ပြုလာနိုင်ပါမည်။

## ၁.၂ စီမံကိန်း၏လွှမ်းခြုံသက်ရောက်မှု

ယခင်ကဖွံ့ဖြိုးရေးအစီအစဉ်ရေးဆွဲရာတွင် အချိန်ကာလတစ်ခုအတွင်း ကျွန်ုပ်တို့ကိုယ်တိုင်တတ်နိုင်သောငွေကြေး၊ အစိုးရနှင့် အခြားအဖွဲ့အစည်းများထံမှရနိုင်မည့် အကူအညီများကို အခြေခံကာ ဦးစားပေးစီမံကိန်းများချမှတ်ခဲ့ပါသည်။ ယခုအခါ ယင်းသို့မဟုတ်ဘဲ ကျယ်ပြန့်သည့် ဖွံ့ဖြိုးရေးအမြင်ဖြင့် ရေးဆွဲထားပါသည်။

လူထုဦးဆောင်ပါဝင်သည့် လုပ်ကိုင်နည်းဖြစ်သောကြောင့် လူတိုင်းပါဝင်ခွင့်ရရှိပြီး အမြင်ရှင်းလင်းမှုရစေကာ ဖွံ့ဖြိုးမှုဖြစ်စဉ်တွင် လူထုကိုအဓိကနေရာတွင်ထားရှိခြင်းဖြစ်ပါသည်။ ဤသို့ဖြင့် လုပ်ငန်းများကို လူထုပါဝင်၍စုစည်းခြင်း၊ ဦးစားပေးရွေးချယ်ဆောင်ရွက်ခြင်းအားဖြင့် ကျေးရွာလူထု၏ ဖွံ့ဖြိုးမှုကို တိတိကျကျ ပံ့ပိုးပေးရာရောက်ပါသည်။

ကျွန်ုပ်တို့၏ဖွံ့ဖြိုးရေးအစီအစဉ်ကိုအကောင်အထည်ဖော်ရာတွင် ပစ္စည်းအခက်အခဲ၊ ငွေကြေးအခက်အခဲ၊ နည်းပညာအခက်အခဲများရှိနိုင်ပါသည်။ သို့ဖြစ်၍ လက်တွေ့အကောင်အထည်ဖော်ရာတွင် ကျွန်ုပ်တို့ ကျေးရွာဖွံ့ဖြိုးရေးလိုအပ်ချက်များအား အများဆုံးနှင့် အထိရောက်ဆုံး ဖြည့်ဆည်းနိုင်မည့်စီမံကိန်းများကို ဦးစားပေးရွေးချယ်ဆောင်ရွက်ပါမည်။ ကျွန်ုပ်တို့၏ စွမ်းရည်နှင့် လိုအပ်သောအရင်းအနှီးများ ပြည့်စုံမှုပေါ်မူတည်၍ နောင်တွင် တဖြည်းဖြည်းတိုးချဲ့ဆောင်ရွက်သွားမည့် အစီအစဉ်မျိုးဖြစ်ပါသည်။

## ၂။ ပထဝီအနေအထားနှင့် သဘာဝသယံဇာတအရင်းအမြစ်များ

### (က) တည်နေရာ၊ ရာသီဥတုနှင့် မြေမျက်နှာသွင်ပြင်အနေအထား

ရေကျော်ကုန်းကျေးရွာသည် ဧရာဝတီတိုင်းဒေသကြီး၊ ပုသိမ်ခရိုင်၊ ကန်ကြီးထောင့်မြို့နယ်၊ ဒါးကတိုက်နယ်၊ ဘုရားချောင်းကျေးရွာအုပ်စုအတွင်းရှိကျေးရွာဖြစ်ပြီး ကန်ကြီးထောင့်-ဒါးက- မန္တလေးကုန်း တာလမ်းမနှင့် ဆက်သွယ်နေသဖြင့် သွားလာရလွယ်ကူပါသည်။ကျေးရွာသည် မြေပြန့်ဒေသတွင် တည်ရှိပြီး အဓိကအသက်မွေးဝမ်းကျောင်းလုပ်ငန်းမှာ စိုက်ပျိုးရေးလုပ်ငန်းဖြစ်ပါသည်။ ကျေးရွာ၏ ပတ်လည်တွင် လယ်ကွင်းများ၊ အခြားကျေးရွာများ ရှိပါသည်။

## (ခ) သဘာဝအရင်းအမြစ်

ကျေးရွာသည် ဒါးကချောင်းနှင့် ဆက်စပ်နေသော ချောင်းငယ်များကို ရေသွင်းမြောင်းများဖြင့် ဆက်သွယ်ထားပြီး ရေချိုရရှိသဖြင့် စပါးစိုက်ပျိုးရေးအတွက် အထူးကောင်းမွန်ပါသည်။ ကျေးရွာတွင် စပါးစိုက်ပျိုးမြေကေ (၃၄၆) ကေခန့် ရှိပြီး မိုးရာသီ ရေကြီးချိန်တွင် မြစ်ရေဝင်ရောက်မှု ရှိသဖြင့် ကေ အကုန် စိုက်ပျိုး၍ မရပါ။ နွေစပါးကိုသာ အဓိကစိုက်ပျိုးရပါသည်။ စိုက်ပျိုးမြေအားလုံးသည် နွေစပါး ကိုသာ ရေသွင်းမြောင်းဖြင့် အဆင်ပြေစွာစိုက်ပျိုးနိုင်ပါသည်။ ကျေးရွာတွင် သဘာဝတွင်းထွက် သယံ ဇာတများမရှိပါ။ သဘာဝတိရစ္ဆာန်မျိုးစိတ်များလည်း ရရှိနိုင်မှုနည်းပါးသွားပြီဖြစ်ပါသည်။ နွားစာ အတွက် မြက်များကို စားကျက်မြေ၊ လယ်ကန်သင်းများနှင့် မြောင်းကမ်းပါးမှ အလွယ်တကူရရှိနိုင် ပါသည်။ ဆေးဖက်ဝင်အပင်များမှာလည်း သာမန်တွေ့ရသော အပင်များသာ ဖြစ်ပါသည်။

## ၃။ ကျေးရွာလူမှုဖွံ့ဖြိုးတိုးတက်ရေးအခြေအနေ

## (က) လူဦးရေဆိုင်ရာအချက်အလက်များ

အိမ်ထောင်စုပေါင်း (၁၅၇) စုနှင့် ကျား (၂၉၁)၊ မ(၂၉၉) ဦးဖြင့် လူဦးရေပေါင်း (၅၉၀) ဦး ရှိကာ တစ်အိမ်ထောင်လျှင် ပျမ်းမျှ (၃.၈) ဦးနှုန်းရှိပြီး နိုင်ငံတော်၏ တစ်အိမ်ထောင်ပျမ်းမျှနှုန်း ၅ ဦးထက် လျော့နည်းသည်။ ကျေးရွာတွင် ကရင် (ဗုဒ္ဓ) လူမျိုးများနေထိုင်ကြပြီး အလုပ်လုပ်နိုင်သည့်အရွယ် သည် ကျေးရွာရှိလူဦးရေအားလုံး၏ ၆၇% ခန့်ရှိပြီး အမျိုးသမီးဦးရေစုစုပေါင်းမှာ အမျိုးသား အရေ အတွက်နှင့် အလွန်ကွာခြားမှုမရှိသဖြင့် အမျိုးသမီးများလုပ်ကိုင်နိုင်သည့် အလုပ်များကိုပါ ထည့်သွင်း စဉ်းစားပြီး အလုပ်အကိုင်များကို ဖန်တီးပေးနိုင်ပါက လူ့စွမ်းအားအရင်းအမြစ်ကို ထိရောက်စွာ အသုံး ချနိုင်ပြီး ကျေးရွာဖွံ့ဖြိုးရေးအတွက် ပိုမိုအထောက်အအကူပြုစေနိုင်ပါမည်။

## (ခ) စီးပွားရေးအခြေအနေ - ဝင်ငွေ၊ ပိုင်ဆိုင်မှုနှင့် မမျှတမှု

အဓိကဝင်ငွေရလုပ်ငန်းသည် စိုက်ပျိုးရေးဖြစ်ပြီး တစ်ရွာလုံး၏ဝင်ငွေအနေအထားမှာ သာမန် အားဖြင့် အသင့်အတင့်ကောင်းမွန်ပါသည်။ ဆင်းရဲချမ်းသာအဆင့်သတ်မှတ်မှုတွင် မိမိတို့ကျေးရွာ အနေအထားဖြင့်ကြည့်သော် အိမ်ထောင်စုအားလုံး၏ ၆၉% ခန့်သည် ဆင်းရဲနှင့် အလွန်အိမ်ထောင်စု အဆင့်အဖြစ်သတ်မှတ်ကြပြီး ၁၀% အဆင်ပြေသည့်အဆင့်၊ ၂၁% သည် အလယ်အလတ်အဆင့် ရှိကြ သည်ဟုသတ်မှတ်ကြသည်။ ကျေးရွာတွင် လယ်ယာမြေပိုင်ဆိုင်မှု၊ လက်လုပ်မဲ့မှု၊ လယ်ယာသုံး စက် ကိရိယာများပိုင်ဆိုင်မှုနှင့် မြောင်းရေသွင်း၍ စိုက်ပျိုးနိုင်မှုကြောင့် ကျေးရွာစီးပွားရေးအနေအထားမှာ အသင့်အတင့်ကောင်းမွန်ပါသည်။ အချို့သော အိမ်ထောင်စုများမှာ လက်သမား၊ ပန်းရန်၊ အရောင်း အဝယ်နှင့် ကျပန်းအလုပ်ကို လုပ်ကိုင်မှုများရှိပါသည်။ ၎င်းတို့တွင် ဆင်းရဲသော အိမ်ထောင်စုများ၊

မြေယာမဲ့အိမ်ထောင်စုများ၊ လက်လုပ်လက်စားများ ပါဝင်ပါသည်။ ကျေးရွာတွင် မြေယာမဲ့အိမ်ထောင်စု အရေအတွက် (၇၆%) ခန့် ထိရှိကာ ဆင်းရဲ၊ အလွန် ဆင်းရဲအဆင့်ရှိ အိမ်ထောင်စုများပါဝင်ကြသည်။ မိုးတွင်းကာလ မြစ်ရေကြီးချိန်တွင် မြစ်ရေဝင်ရောက်မှုများ ရှိသဖြင့် အလုပ်အကိုင်ရှားပါး၍ စားနပ် ရိက္ခာ မဖူလုံသော အိမ်ထောင်စု (၁၀) စုခန့်ရှိပါသည်။

## (ဂ) ဆင်းရဲနွမ်းပါးမှုနှင့် ထိခိုက်လွယ်မှု

ကျေးရွာတွင်မြေယာမဲ့ အိမ်ထောင်စုအရေအတွက်မှာ ပို၍ များပြားသော်လည်း ရာသီအလိုက် စိုက်ပျိုးရေးလုပ်ငန်းများတွင် အဓိကဝင်ရောက်လုပ်ကိုင်ကြပြီး ဆောက်လုပ်ရေးလုပ်ငန်း၊ လက်လီ ဈေးရောင်း၊ ခေါင်းရွက်ဗျပ်ထိုးလုပ်ငန်း၊ စက်ပြင်၊ ဆန်ကြိတ်စက်လုပ်ငန်းများ စသည်တို့တွင်လည်း ကျပန်းအဖြစ်လုပ်ကိုင်ကြသည်။ ကျေးရွာမှ ဆင်းရဲနှင့် အလွန်ဆင်းရဲအိမ်ထောင်စုများ၏ သုံးပုံ တစ်ပုံ အား လေ့လာဆန်းစစ်မှုအရ ၎င်းတို့အားလုံး သူတပါးထံမှမချေးမငှားပဲ (၆) လမှ (၁၂) အတွင်း ဝမ်းစာ ဖူလုံနိုင်ပါသည်။ တစ်အိမ်ထောင်လျှင် အကြွေး (၁) သိန်းမှ (၄) သိန်းထိ ရှိကြပါသည်။ ချေးငွေအများစု ကို ကျေးရွာ သမဝါယမအသင်း၊ ပုဂ္ဂလိကချေးငွေလုပ်ငန်းများ၊ ကျေးရွာအများပိုင်ရန်ပုံငွေနှင့် ဆွေမျိုး များ၊ မိတ်ဆွေများ၊ ငွေတိုးချေးသူများထံမှ ချေးယူရရှိကြသည်။ ချေးငွေများကို အသုံးပြုကြပုံမှာ စား သုံးရန်၊ ရင်းနှီးမြှုပ်နှံရန်နှင့် ကျန်းမာရေးကိစ္စရပ်များ၊ ဝင်ငွေရ အလုပ်အကိုင်များ၊ ပညာရေးတို့အတွက် သုံးစွဲကြသည်။

ကျေးရွာတွင် ထိခိုက်လွယ်သောအိမ်ထောင်စု အသင့်အတင့်ရှိပါသည်။ ထိခိုက်သက်ရောက်မှု အမျိုးအစားတွင် ရေကြီးခြင်းကို နှစ်စဉ်ကြုံတွေ့ရလေ့ရှိပြီး စားနပ်ရိက္ခာမဖူလုံမှု၊ စိုက်ပျိုးမြေရှားပါးမှုကို အသင့်အတင့် အနေအထားတွေ့ရှိရသည်။ မြေယာမဲ့ ဆင်းရဲသားတောင်သူများ၊ လက်လုပ်လက်စား ကျပန်းများအတွက် ထိခိုက်သက်ရောက်မှု ပိုမို မြင့်မားပါသည်။ အုပ်စုအလိုက် ခွဲခြားသတ်မှတ်ရာတွင် ထိခိုက်သက်ရောက်မှု နည်းပါးသည်ဟု ဆိုနိုင်ပါသည်။

## (ဃ) ကျန်းမာရေးနှင့် အာဟာရ

ကျေးရွာတွင် ရွာသားအများစုသည် သာမန်အားဖြင့် ကျန်းမာရေးကောင်းမွန်ကြပြီး အစားအစာ ပြည့်ဝမှုရှိပါသည်။ ကလေးငယ် အများစုသည်လည်း ကျန်းမာသော်လည်း တစ်ခါတစ်ရံ မိုးရာသီတွင် သွေးလွန်တုတ်ကွေးရောဂါဖြစ်ပွားမှု၊ ခံစားရမှုများ များပြားပါသည်။ မူလတန်းကျောင်းတွင် အာဟာရ တိုက်ကျွေးမှု အသင့်အတင့်ရှိပါသည်။ တကိုယ်ရည် သန့်ရှင်းရေးနှင့် ကျန်းမာရေးအသိအမြင်များ အသင့်အတင့်ရှိပါသည်။ ကျေးရွာသားများအနေဖြင့် အခြေခံ ကျန်းမာရေးစောင့်ရှောက်မှုများကို ကျေးရွာမှ ၂ မိုင်ခန့်ကွာဝေးသော ဒါးကကျေးရွာရှိ တိုက်နယ်ဆေးရုံ၊ ကျေးလက်ဆေးပေးခန်းသို့ သွား

ရောက်ကုသနိုင်ပါသည်။ မြို့နယ်ဆေးရုံများ၊ ပုဂ္ဂလိက ဆေးခန်းများ၊ ဆေးဆိုင်များသို့လည်း ကားလမ်းမှတဆင့် သွားရောက်ကုသနိုင်ပါသည်။

ကျေးရွာတွင် အဝီစိတုံကင်တွင်း၊ မိုးရေလှောင်ကန်နှင့် မြစ်ချောင်းများမှ ဆက်သွယ်ဝင်ရောက်လာသော မြောင်းရေကိုသာ သုံးစွဲကြရပြီး သောက်ရေ/ သုံးရေ လုံလောက်မှုရှိသော်လည်း သန့်ရှင်းမှု အားနည်းနေပါသေးသည်။ သို့သော် ကြိုချက်သောက်သုံးကြသဖြင့် ဝမ်းပျက်ဝမ်းလျှောနှင့် အခြားကူးစက်နိုင်သော ရောဂါဖြစ်ပွါး မှုများနည်းပါးကြောင်း တွေ့ရသည်။

## (င) ပညာရေးနှင့် ကျွမ်းကျင်မှုများ

ကျေးရွာ၏ ပညာရေးအဆင့်အတန်းသည် အတော်အသင့် မြင့်မားကြောင်းတွေ့ရှိရပါသည်။ ရွာသားအများစုသည် အခြေခံအရေး၊ အဖတ်၊ အတွက်တို့ကို တတ်မြောက်ကြပြီး ဘွဲ့ရ အရေအတွက် အသင့်အတင့်ရှိပါသည်။ ကျေးရွာတွင် အခြေခံပညာရေးကို ကျေးရွာတွင်းရှိ မူလတန်းလွန် ကျောင်းတွင် သင်ယူနိုင်ပြီး အလယ်တန်း၊ အထက်တန်းပညာကို ဘုရားချောင်းကျေးရွာ၊ ဒါးကကျေးရွာ၊ ဆပ်ကွင်းကျေးရွာများတွင် သွားရောက်သင်ယူနိုင်ပါသည်။ တက္ကသိုလ်ပညာရေးကို ပုသိမ်မြို့တွင် သင်ကြားနိုင်ပါသည်။ သို့သော် အသက်မွေးဝမ်းကျောင်းလုပ်ငန်းများ ဆိုင်ရာကျွမ်းကျင်မှုများမှာ နိမ့်ကျဆဲဖြစ်ပြီး လူငယ်လူရွယ်များအတွက် ကျွမ်းကျင်မှုအခြေခံသည့် အလုပ်အကိုင် အခွင့်အလမ်းများသည်လည်း နည်းပါးဆဲဖြစ်သည်။

## (စ) ကျားမဆိုင်ရာဆက်နွယ်မှု

ကျေးရွာတွင် ကျားမဆိုင်ရာ ဆက်နွယ်မှုအနေအထားမှာ တည်ငြိမ်ကောင်းမွန်ပါသည်။ ကျားနှင့် မ အကြား ပြင်းထန်သော အိမ်တွင်းအကြမ်းဖက်မှုနှင့် ခွဲခြားဆက်ဆံခြင်းကိစ္စများ မတွေ့ရပါ။

ကျေးရွာတွင် အမျိုးသား၊ အမျိုးသမီးများသည် သာမန်အားဖြင့်ပညာရေးနှင့် အခြားနယ်ပယ်များတွင် အခွင့်အရေးတူညီစွာရရှိသည်ဟု ယေဘုယျပြောနိုင်ပါသည်။ ပညာရေးနှင့် ဆိုင်သော ကိန်းဂဏာန်းများတွင် မူလတန်း၊ အလယ်တန်းနှင့် အထက်တန်းများရှိ ကျား၊ မ အရေအတွက်မှာ အလွန်ကွာခြားမှုမရှိသဖြင့် အမျိုးသမီးများအတွက် ပညာသင်ယူရေးဆိုင်ရာအခွင့်အရေးမှာ အမျိုးသားများနှင့် အတူတူပင်ဖြစ်သည်။ သို့သော် ကျေးရွာတွင် နေ့တွက်လုပ်အားခငွေများမှာ အမျိုးသားများက ပိုမိုရကြသည်။ ဥပမာအားဖြင့် လုပ်အားသဘာဝနှင့် အင်အားစိုက်ထုတ်ရမှုတူညီသော်လည်း အမျိုးသမီးများသည် အမျိုးသားများထက် လုပ်အားခလျော့နည်းပြီးရကြသည်။ အုပ်ချုပ်ရေးအဖွဲ့အစည်းများတွင် အမျိုးသမီးပါဝင်မှုမရှိသော်လည်း လူမှုရေးအသင်းအဖွဲ့များတွင်လည်း အမျိုးသမီးပါဝင်မှု အသင့်အတင့်

ရှိပါသည်။ ကျား/မ တန်းတူညီမျှမှုနှင့် ပတ်သက်၍ အသိပညာပေးခြင်းများ မြှင့်တင်ဆောင်ရွက်ပေးခြင်းဖြင့် ကျားမတန်းတူညီမျှမှု၊ ဖွံ့ဖြိုးမှုတို့အတွက် ပိုမိုအထောက်အပံ့ဖြစ်လာနိုင်ပါသည်။

## ၄။ ကဏ္ဍအသီးသီး၏လက်ရှိဖွံ့ဖြိုးမှုအခြေအနေများ

### (က) ဖွံ့ဖြိုးရေးဆိုင်ရာစီမံအုပ်ချုပ်မှု

ကျေးရွာတွင် စီးပွားရေးနှင့် ပတ်သက်သော အဖွဲ့အနေဖြင့် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ဖွဲ့စည်းထားသော မြစိမ်းရောင်ကျေးရွာရန်ပုံငွေနှင့်ဆိုင်သောအဖွဲ့၊ အစိုးရမဟုတ်သည့် Pat Myanmar ငွေချေးအဖွဲ့၊ စိုက်ပျိုးရေးနှင့် သမဝါယမအသင်း စသည့် အဖွဲ့အစည်းများရှိပါသည်။ လူမှုရေးနှင့်ဆိုင်သော အဖွဲ့ကို သီးသန့်ဖွဲ့စည်းထားခြင်းမရှိသော်လည်း ရပ်မိရပ်ဖအဖွဲ့၊ အမျိုးသမီးအဖွဲ့အနေဖြင့် ကျေးရွာဖွံ့ဖြိုးရေး လုပ်ငန်းများတွင် ပါဝင်ကူညီဆောင်ရွက်ကြပါသည်။

### (ခ) သီးနှံ၊ သားငါး ထုတ်လုပ်ရေးကဏ္ဍ

ကျေးရွာတွင် စပါးကို အဓိကထားစိုက်ပျိုးကြပြီး အချို့အိမ်ထောင်စုများမှာ သီးပင်စားပင် များ တနိုင်တပိုင် စိုက်ပျိုးကြသည်။ နွေစပါးစိုက်ဧက (၃၄၆) ဧကခန့်ရှိပြီး မိုးတွင်းကာလတွင် ရေကြီးနစ်မြုပ်မှုကြောင့် မိုးစပါး စိုက်ပျိုး၍ မရပါ။ နွေစပါးတစ်ဧက ပျမ်းမျှအထွက်နှုန်းမှာ (၁၀၀) တင်းနှုန်းထွက်ရှိသည်။ သီးနှံစိုက်ခင်းများတွင် နှစ်စဉ်နှစ်တိုင်း ဖျက်ပိုးကျရောက်မှုအသင့်အတင့်ရှိပြီး ထိရောက်သော ဖျက်ပိုးနှိမ်နှင်းရေးနည်း စနစ်နှင့် ဆေးဝါးတို့အတွက် စိုက်ပျိုးရေးဦးစီးဌာနမှ လိုအပ်သလို ကူညီဆောင်ရွက်ပေးစေလိုပါသည်။

ကျေးရွာတွင် ကိုယ်ပိုင် လက်တွန်းထွန်စက်များဖြင့် လုပ်ကိုင်သူဦးရေ အသင့်အတင့်ရှိပြီး ကျန်အိမ်ထောင်စုများမှာ ငှားရမ်းသုံးစွဲရသဖြင့် ဈေးနှုန်းကြီးမြင့်မှုကို ရင်ဆိုင်ရလေ့ရှိပါသည်။ ကျေးရွာတွင် စပါးကိုအဓိကစိုက်ပျိုးသဖြင့် ကျေးရွာမှ နေ့စားအလုပ်သမားများအတွက် အလုပ်အကိုင် အသင့်အတင့်ရရှိကြသည်။ သို့သော် စပါးရိတ်သိမ်းချိန်များတွင် ရိတ်သိမ်းခြွေလှေ့စက်များဖြင့် ငှားရမ်းလုပ်ကိုင်သည့်အချိန်တွင် ကျပန်းအလုပ်သမားများအတွက် အလုပ်အကိုင်အခက်အခဲ အနည်းငယ်ရှိပါသည်။

ကျေးရွာတွင် နွားမွေးမြူသူ ၃.၈% ခန့်ရှိ၍ ကျွဲမွေးမြူသူ ၆.၄% ခန့်၊ ဝက်မွေးသူအိမ်ထောင်စုမှာ တစ်ရွာလုံး၏ ၅၄% ဝန်းကျင်ရှိပြီး ဒေသမှ ဝက်မျိုးများကို တစ်အိမ်လျှင် ၁ ကောင်၊ ၂ ကောင် မျှသာမွေးမြူကြသည်။ ဒေသကြက်မွေးသည့် အိမ်ထောင်စုမှာ ၅၄% ခန့် ဖြစ်ပြီး ဘဲများလည်း မွေးမြူကြသည်။ ရာသီအလိုက် ဖြစ်ပွားတက်သော ကြက်နာ၊ ဝက်နာရောဂါ တခါတရံ ကျရောက်တက်ပါသည်။ အရေးပေါ်ငွေလိုအပ်ချိန်တွင် မွေးမြူရေးမှလည်း ဝင်ငွေအသင့်အတင့်ရရှိသဖြင့် အသုံးတည့်

သည့် လုပ်ငန်းတစ်ခုဖြစ်ပါသည်။ မိုးရာသီတွင် ငါး၊ ဖား ရရှိရေးအတွက် ပိုက်ထောင်၊ ငါးမျှား၊ မြှုန်းထောင်ခြင်း စသည်ဖြင့် အသက်မွေးဝမ်းကျောင်းပြုကြသူများ ရှိပါသည်။

## (ဂ) စိုက်ပျိုးမွေးမြူရေးမဟုတ်သော အသက်မွေးဝမ်းကျောင်းလုပ်ငန်းများ

ကျေးရွာတွင် အိမ်တွင်းမှုကုန်ထုတ်လုပ်ငန်းမရှိပါ။ အခြားဝင်ငွေရလုပ်ငန်းများမှာ နေ့စားအလုပ်များ၊ ကုန်စုံဆိုင်လုပ်ငန်း၊ သယ်ယူပို့ဆောင်ရေးဝန်ဆောင်မှုများ၊ ဈေးရောင်း၊ ခေါင်းရွက်ဗျပ်ထိုး၊ ပန်းရံနှင့် ဝန်ထမ်းအလုပ်တို့ဖြစ်ကြသည်။ လုပ်ငန်းအများစုမှာ ရာသီဥတုနှင့် အမျိုးအစားအလိုက် တွက်ခြေကိုက်မှု အနည်းအပါးမှ အသင့်အတင့်အနေအထားတွင်ရှိသည်။ ကျပန်းအလုပ်သမားအချို့၏ လုပ်အားခမှာ တစ်နေ့လျှင် ၃၅၀၀/- ကျပ်မှ ၅၀၀၀/- ကျပ်ထိရရှိကြပါသည်။ ကျပန်းအလုပ်သမားများအတွက် အလုပ်မှာ အဆင်သင့်မရှိဘဲ ရာသီအလိုက် ပေါ်ပေါက်လာသော အလုပ်ကိုသာ လုပ်ကိုင်ကြရပါသည်။ မိုးရာသီတွင် ငါးဖမ်းသည့် လုပ်ငန်းကို အဓိက အားထားရပါသည်။

ကျေးရွာတွင် အလုပ်လုပ်နိုင်သောဦးရေများပြားပြီး လူ့အရင်းအမြစ် အလားအလာကောင်းတစ်ရပ်ဖြစ်သည်။ လူငယ်လူရွယ်၊ အမျိုးသမီးများသည် ကျေးရွာတွင် အလုပ်အကိုင် အခွင့်အလမ်းခက်ခဲမှုများကြောင့် ကန်ကြီးထောင့်မြို့ ၊ ပုသိမ်၊ ရန်ကုန်မြို့ကြီးများတွင်လည်းကောင်း အသိအကျွမ်း၊ ဆွေမျိုးအပေါင်းအဖော်တို့ကိုတည်မှီ၍ အလုပ်သွားရောက်လုပ်ကိုင်ကြပါသည်။ လုပ်ငန်းခွင်သုံး ပညာအရည်အချင်းပိုင်းတွင်လည်း အနည်းငယ်နိမ့်ကျခြင်း၊ သင်တန်းတက်ရောက်ရန် နေရာ/ ငွေကြေးလုံလောက်မှုမရှိခြင်းတို့ကြောင့် ဝါသနာပါရာနှင့် အသက်မွေးဝမ်းကျောင်းဆိုင်ရာ လုပ်ငန်းကျွမ်းကျင်မှုအခြေခံသည့် အလုပ်အကိုင်ရရှိမှုအားနည်းသည်။

## (ဃ) သဘာဝပါတ်ဝန်းကျင်နှင့် သယံဇာတစီမံခန့်ခွဲမှု

ကျေးရွာရှိ စပါးစိုက်ခင်းများတွင် ဖျက်ပိုးများကျရောက်တတ်ခြင်း၊ ပိုးသတ်ဆေးနှင့် ဓာတုမြေသြဇာသုံးစွဲမှုများပြားခြင်းတို့ကြောင့် မြေဆီလွှာအရည်အသွေးများ ကျဆင်းလာနိုင်ပါသည်။ တောင်သူများအနေဖြင့် ဓါတုပိုးသတ်ဆေးများကိုသာ အသုံးပြုမှုများပြားသည်။ ယခုကဲ့သို့ ဆက်လက် သုံးစွဲနေပါက နောင်လာမည့် ကာလများတွင် မြေဆီလွှာများ ပျက်စီးကာ စပါးအထွက်နှုန်း လျော့ကျလာနိုင်ပါသည်။ စွန့်ပစ်ပစ္စည်းစီမံခန့်ခွဲမှုတွင်လည်း ပလပ်စတစ်အိတ်ခွံ၊ ပုလင်းခွံ၊ ဗူးခွံများကို စနစ်တကျမစွန့်ပစ်ကြသဖြင့် သဘာဝပတ်ဝန်းကျင်ဆိုင်ရာ အသိပညာပေးလုပ်ငန်းများမြှင့်တင်ဆောင်ရွက် ပေးသင့်သည်။

ဤကျေးရွာမှာ မြေပြန့်ဒေသအပိုင်းတွင် တည်ရှိပါသည်။ မြေပြန့်ဒေသဖြစ်သော်လည်း ရေကြီးရေလွှမ်းခြင်းများ နှစ်စဉ်လိုလိုပင် အနည်းနှင့် အများ ဖြစ်ပွားတက်ပါသည်။ မုန်တိုင်းဘေးအန္တရာယ်

ကျရောက်မှု နည်းပါးပါသည်။ ကျေးရွာ၏ ဘေးပတ်ဝန်းကျင်မှာ လယ်ယာမြေများ၊ မြောင်းများ၊ သစ်ပင်များဖြင့် စိမ်းလန်းစိုပြေနေသဖြင့် မိုးခေါင်ခြင်း သဘာဝအန္တရာယ်မှာ အလွန်နည်းပါးပါသည်။

## (င) ဘဏ်နှင့်ငွေကြေးဆိုင်ရာ ဝန်ဆောင်မှု

ကျေးရွာမှတောင်သူများသည် မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်မှ ထုတ်ချေးသော ချေးငွေကို တစ်လအတိုးနှုန်း ၇၀ ပြားတိုး၊ တစ်ဧက တစ်သိန်းခွဲကျပ်နှုန်းဖြင့် အများဆုံး ဆယ်ဧကအတွက် ချေးယူနိုင်ကြသည်။ ကန်ကြီးထောင့်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ထောက်ပံ့ပေးထားသော မြစိမ်းရောင်ရန်ပုံငွေ ရှိပါသည်။ ထို့ပြင် Pact Myanmar ငွေချေး အဖွဲ့လည်းရှိပါသည်။

ကျေးရွာသားအများစုသည် ချေးငွေကို စိုက်ပျိုးရေးအတွက်သာမက ရိက္ခာ၊ ဝင်ငွေရလုပ်ငန်း၊ ကျန်းမာရေး၊ ပညာရေးဆိုင်ရာကိစ္စရပ်များအတွက် ရောယှက်သုံးစွဲရပါသည်။

## (စ) ပညာရေး၊ ကျန်းမာရေး၊ ရေနှင့်ပတ်ဝန်းကျင်သန့်ရှင်းရေး

ကျေးရွာတွင် အခြေခံပညာရေးကို ကျေးရွာတွင်းရှိ အလျား ၉၀'၊ အနံ ၃၀'၊ အမြင့် ၁၅' ရှိ RC ကျောင်းဆောင်သစ်တွင် သင်ကြားပေးနေပါသည်။ အဆိုပါ ကျောင်းဆောင်သစ်ကို ၂၀၀၅ ခုနှစ်တွင် ကျေးရွာထည့်ဝင်မှု၊ နိုင်ငံတော်ထောက်ပံ့မှုတို့ဖြင့် ဆောက်လုပ်ခဲ့ခြင်းဖြစ်ပါသည်။ ကျောင်းဆောင်အတွင်း ဆရာ/ ဆရာမ ရုံးခန်းပါ ဖွင့်လှစ်ထားပါသည်။ ကျေးရွာအတွင်း ၈၅ % ခန့်သည် ရေးတက်ဖတ်တက်ကြပြီး (၉) နှစ်အထက် လူဦးရေအားလုံး၏ ၁၀ % မှာ ဘုန်းကြီးကျောင်းပညာရေးကို ရရှိထားကြပါသည်။ မူလတန်းအောင်ချက် ရာနှုန်းမြင့်မားပြီး ကျောင်းအပ်နှံနှုန်းထားသည် ကျေးရွာရှိ မူလတန်း အရေအတွက်ထက်များပါသည်။ မူလတန်းပြ ဆရာ/ မ (၆) ဦးရှိပြီး ကျောင်းသား အရေအတွက်မှာ (၁၃၂) ဦး ရှိသဖြင့်တပည့်ဆရာ အချိုးအရ အဆင်ပြေပါသည်။

ရွာသူရွာသားများအတွက် ကျန်းမာရေးဝန်ဆောင်မှုတို့ကို ကျေးရွာမှ ၂ မိုင် ခန့်ဝေးသည့် ဒါးက ကျေးရွာရှိ ကျေးလက်ဆေးပေးခန်းနှင့် တိုက်နယ်ဆေးရုံ သို့ မြေသားလမ်းမှတဆင့် သွားလာနိုင်ပါသည်။ နွေအခါ အဆင်ပြေသော်လည်း မိုးတွင်းကာလတွင် လမ်းများပျက်စီးခြင်း၊ ရေလမ်းမှတဆင့် သွားလာရခြင်းတို့ကြောင့် အခက်အခဲရှိပါသည်။ ထို့ကြောင့် ဆေးပေးခန်းနှင့် ဆရာ/မ များ၊ ဆေးဝါးများ၊ ပရိဘာဂများ ထောက်ပံ့ပေးစေလိုပါသည်။

သောက်သုံးရေအတွက် အဝီစိတုံကင်တွင်း၊ မိုးရေလှောင်ကန်နှင့် မြောင်းရေကိုအသုံးပြုပြီး လုံလောက်မှုရှိပါသည်။ သန့်ရှင်းသော သောက်သုံးရေ ရရှိရန် လိုအပ်လျက်ရှိပါသည်။ တစ်ရွာလုံးနီးပါး ယင်လုံအိမ်သာ အိမ်တိုင်းလိုလို ဆောက်လုပ်သုံးစွဲကြသဖြင့် ရေကြောင့်ဆက်စပ် ဖြစ်ပွားတတ်သော

ရောဂါဖြစ်ပွားမှု များနည်းပါးသည်။ စာသင်ကျောင်းများတွင်လည်း ကျောင်းအိမ်သာကို စနစ်တကျ ဆောက်လုပ်ထား သဖြင့် အသုံးပြုရ လွယ်ကူပါသည်။

## (ဆ) လူငယ်နှင့် ယဉ်ကျေးမှု

လူငယ်များအတွက် အပန်းဖြေအနားယူနိုင်မည့် သတ်မှတ်နေရာများမရှိသော်လည်း ညနေပိုင်းတွင် မြေကွက်လပ်များ၌ ခြင်းလုံးခတ်ခြင်း၊ ပိုက်ကျော်ခြင်း ဆော့ကစားခြင်းတို့ ပြုလုပ်ကြပါသည်။ ကျေးရွာရှိ လူမှုရေးလုပ်ငန်းများတွင်လည်း တစ်ဖက်တစ်လမ်းမှ ပူးပေါင်းပါဝင်ဆောင်ရွက်ကြပါသည်။

## (ဇ) အခြေခံ အဆောက်အဦ - လမ်းတံတား၊ လျှပ်စစ်စွမ်းအား၊ သတင်းနှင့် ဆက်သွယ်ရေး

ရေကျော်ကုန်းကျေးရွာသည် ဒါးက-မန္တလေးကုန်း မြေသား တာမလမ်းကြီးနှင့် ဆက်စပ်နေသဖြင့် လမ်းပန်းဆက်သွယ်ရေး အဆင်ပြေသော်လည်း အဆိုပါမြေသားလမ်းအား ကျောက်ကြမ်း ဂဝံလမ်းသို့ အဆင့်မြှင့်တင်ကာ အမာခံလမ်းအဖြစ် အသုံးပြုနိုင်ခြင်းမရှိသေးပါ။ နွေအခါတွင် အဆိုပါမြေသားလမ်းအား အသုံးပြုနိုင်သော်လည်း မိုးတွင်း လမ်းပျက်စီးချိန်တွင် သယ်ယူပို့ဆောင်ရေးနှင့် လယ်ယာလုပ်ငန်းအတွက် ရေလမ်းကိုသာ အသုံးပြုကြရခြင်း များပါသည်။ ထို့ကြောင့် လမ်းအား အဆင့်မြှင့်တင်ကာ ပြုပြင်ဆောင်ရွက်ပေးရန် လိုအပ်လျက်ရှိပါသည်။

ဒါးကကျေးရွာတွင် လျှပ်စစ်မီးရရှိသော်လည်း မိမိတို့ကျေးရွာမှာ အနည်းငယ် အလှမ်းဝေးနေခြင်း၊ ချောင်း ခြားနေခြင်းတို့ကြောင့် လျှပ်စစ်မီးမရရှိသေးပါ။ ယခုလာမည့်နှစ်များတွင် ရွာအနီးပတ်ဝန်းကျင်ရှိ ကျေးရွာများတွင် လျှပ်စစ်မီးရရှိမည်ဖြစ်ပြီး မိမိတို့ကျေးရွာမှလည်း လျှပ်စစ်မီး လိုအပ်နေပါသဖြင့် သက်ဆိုင်ရာအဖွဲ့အစည်းများမှ ဆောင်ရွက်ပေးရန် လိုအပ်လျှက်ရှိပါသည်။ ယခုအခါ ဆိုလာ၊ ဘတ္တရီ၊ ဖယောင်းတိုင်မီး၊ ရေနံဆီမီးခွက်တို့ကိုသာ အသုံးပြုနေကြရပါသည်။

ကျေးရွာတွင် မိုဘိုင်းဖုန်းဆက်သွယ်ရေးကို လက်လှမ်းမှီအသုံးပြုနိုင်ကြသည်။ အိမ်တိုင်းနီးပါးမှျ လက်ကိုင်ဖုန်းအသုံးပြုနေကြပြီဖြစ်သည်။ စာကြည့်တိုက်မရှိပါ။ တစ်ရွာလုံးအတိုင်းအတာဖြင့် တယ်လီဖုန်းနှင့် သတင်း ဆက်သွယ်ရေးမှာ အသင့်အတင့်သာ ကောင်းမွန်ကြောင်း တွေ့ရှိရပါသည်။

## (ဈ) တည်ငြိမ်အေးချမ်းမှုနှင့်ပြည်သူ့လုံခြုံရေး

ကျေးရွာတွင် ရာဇဝတ်မှုခင်း ဖြစ်ပွားမှုနည်းပါးပြီး တည်ငြိမ်အေးချမ်းမှုရှိပါသည်။ ရွာသားများသည် ဒါးကတိုက်နယ်ရဲစခန်း၊ ကန်ကြီးထောင့်ရဲစခန်းသို့ အလွယ်တကူချိတ်ဆက်နိုင်ပြီး ရာဇဝတ်မှု ဖြစ်ပွားခြင်းနည်းပါးသည်။

## ၅။ ဖွံ့ဖြိုးရေးအတွက် အထောက်ပံ့ဖြစ်စေမည့် အခြေနေကောင်းများ၊ အဟန့်အတားနှင့် စိန်ခေါ်မှုများ

### (က) ဖွံ့ဖြိုးရေးအတွက် အထောက်ပံ့ဖြစ်စေမည့် အခြေနေများ

ရေကျော်ကုန်းကျေးရွာသည် ပထဝီဝင်အနေအထားအရ မြေပြန့်ဒေသတွင်တည်ရှိပြီး နွေအခါတွင် ဒါးက-မန္တလေးကုန်း တာလမ်းမှ သွားလာရ လွယ်ကူသော်လည်း မိုးတွင်းကာလတွင် လမ်းပျက်စီးမှုများရှိသဖြင့် ချောင်းများမှဖြတ်၍ ရေကြောင်းလမ်းဖြင့်သာ အခြားကျေးရွာများ၊ မြို့များသို့ သွားလာရပါသည်။ သယ်ယူပို့ဆောင်ရေးနှင့် လယ်ယာလုပ်ငန်းများအတွက် ရေလမ်းကိုသာ အဓိက အားထားရပါသည်။

ပညာရေးနှင့် ပတ်သက်၍ ကျေးရွာတွင်းရှိ မူလတန်းလွန်ကျောင်းနှင့် အလယ်တန်း/ အထက်တန်းကို ကျေးရွာအနီးရှိ ဒါးကကျေးရွာ၊ ဆပ်ကွင်းကျေးရွာများသို့ သွားရောက်သင်ကြားနိုင်ပါသည်။ ကျေးရွာတွင် ဈေးဆိုင်လေးများရှိပြီး (၂) မိုင်ခန့် ဝေးသည့် ဒါးကကျေးရွာတွင်လည်း သွားရောက်ဝယ်ယူနိုင်ပါသည်။ အရေးပေါ်လိုအပ်ပါက ပုသိမ်မြို့သို့ ကားလမ်းဖြင့် သွားရောက်ဝယ်ယူနိုင်ပါသည်။

ဒါးကကျေးရွာတွင် လျှပ်စစ်မီးရရှိသော်လည်း မိမိတို့ကျေးရွာမှာ အနည်းငယ် အလှမ်းဝေးနေခြင်း၊ ချောင်း ခြားနေခြင်းတို့ကြောင့် လျှပ်စစ်မီးမရရှိသေးပါ။ ယခုလာမည့်နှစ်များတွင် ရွာအနီးပတ်ဝန်းကျင်ရှိ ကျေးရွာများတွင် လျှပ်စစ်မီးရရှိမည်ဖြစ်ပြီး မိမိတို့ကျေးရွာမှလည်း လျှပ်စစ်မီး လိုအပ်နေပါသဖြင့် ဆောင်ရွက်ပေးစေလိုပါသည်။ ချက်ပြုတ်စားသောက်ရာတွင် ထင်းမီးကိုသာအသုံးပြုကြရပြီး ချို့တဲ့သောအိမ်ထောင်စုရှိ ကျောင်းသူ/ သားများ၏ စာဖတ်ချိန်တွင် ဖယောင်းတိုင်မီးကိုသာအသုံးပြုကြရသည်။ အချို့ အိမ်ထောင်စုတွင် ဆိုလာမီးများ ဝယ်ယူအသုံးပြုနိုင်ကြသဖြင့် ကျောင်းသူ/ သားများ၏ စာဖတ်ချိန်ကို အထောက်အပံ့ဖြစ်ခြင်း၊ အားလပ်ချိန်များတွင် ဗဟုသုတရဖွယ် သုတ၊ ရသနှင့် သတင်း အစုံအလင်အား တီဗွီဖန်သားပြင်မှ ကြည့်ရှုနိုင်ကြပါသည်။

အလုပ်လုပ်နိုင်သည့်အရွယ် ပို၍များသော်လည်း အလုပ်အကိုင် အခွင့်အလမ်းများ နည်းပါး နေပါသည်။ ဘွဲ့ရအရေအတွက် အသင့်အတင့်ရှိပြီး ကျွမ်းကျင်မှုနှင့် အသက်မွေးဝမ်းကျောင်းသင်တန်းများကို လူငယ်များအား လေ့ကျင့်သင်ကြားပေးခြင်းဖြင့် လူသားအရင်းအမြစ်ကို တိုးတက်ကောင်းမွန်စေပါမည်။ ကျေးရွာလူထု၏ ကျန်းမာရေးအခြေအနေမှာ ယေဘုယျအားဖြင့် ကောင်းမွန်ပါသည်။ ကျေးရွာမှ (၂) မိုင်ခန့်ဝေးသော ဒါးကကျေးရွာရှိ တိုက်နယ်ဆေးရုံ၊ ကျေးလက်ဆေးပေးခန်း၊ ပုဂ္ဂလိကဆေးခန်းများ၊ ဆေးဆိုင်များသို့လည်းကောင်း သွားလာနိုင်ပြီး အရေးပေါ်ကိစ္စများတွင် ကန်ကြီးထောင့်

ဆေးရုံ၊ ပုသိမ်ဆေးရုံများသို့ သွားရောက်ကုသနိုင်ပါသည်။

ကျေးရွာအတွင်းတွင် ဖွဲ့စည်းထားသော လူထုအခြေပြုအဖွဲ့အစည်းအဖြစ် စီးပွားရေးဆိုင်ရာ အဖွဲ့များအသင့်အတင့်ရှိပြီး လူမှုရေး ပရဟိတအသင်းများ သီးသန့်ဖွဲ့စည်းထားခြင်း မရှိသော်လည်း သာရေး၊ နာရေးနှင့် ပေါ်ပေါက်လာသော အခြားလူမှုရေးကိစ္စအဝဝတွင် ဓလေ့ထုံးစံအရ ကဏ္ဍအလိုက် ပါဝင်ကူညီကြပါသည်။ အဖွဲ့များ၏ ပူးပေါင်းဆောင်ရွက်မှုမှာ အသင့်အတင့်ကောင်းမွန်ကြပေသည်။ အလုပ်အကိုင်အခွင့်အလမ်းနှင့်ပတ်သက်ပြီး ပုသိမ်၊ ရန်ကုန်နှင့် အခြားမြို့များသို့ သွားရောက်လုပ်ကိုင် နိုင်ကြသည်။ ပြင်ပပုဂ္ဂလိကငွေချေးအဖွဲ့များ၊ အစိုးရဌာနများနှင့် အချိတ်အဆက်ရှိပြီးဖြစ်၍ ထို အထောက်အပံ့များဖြင့် ကျေးရွာအတွက် လယ်ယာလုပ်ငန်းလုပ်ကိုင်ဆောင်ရွက်မှုနှင့် အခြားသေးစား လုပ်ငန်းများ လုပ်ကိုင်ဆောင်ရွက်ရန် အထောက်အပံ့ကောင်းများ ဖြစ်လာစေရေးဆောင်ရွက်သွားပါ မည်။ စိုက်ပျိုးရေးဦးစီးဌာနမှလည်း စိုက်ပျိုးရေးနှင့်ပတ်သက်သော ခေတ်မီနည်းပညာပေးစနစ်များ လာရောက်ပို့ချပေးရန် ကျေးရွာမှ တောင်သူများက မျှော်လင့်နေကြပါသည်။

သဘာဝအရင်းအမြစ်များတွင် လယ်မြေများသည်မြေပြန့်ဖြစ်ပြီး မိုးကုန်တွင် တင်ရှိသော နုန်း မြေများပေါ်၌ စိုက်ပျိုးကြသဖြင့် မြေဆီသြဇာ အတော်အသင့်ကောင်းမွန်သည်။ တောင်သူများလည်း လယ်ယာထွက်ကုန်များကို အလွယ်တကူ သယ်ယူပို့ဆောင်ရောင်းချနိုင်ပြီး ဈေးကွက်မှာ အသင့် အတင့် ကောင်းမွန်ပါသည်။ နွေစပါးကို အဓိကစိုက်ပျိုးကြသည်။ မြောင်းရေ၊ ချောင်းရေမှ ရေကို အသုံးပြု၍ သီးနှံများကို စိုက်ပျိုးကြပါသည်။

ကျေးရွာတွင် ရာဇဝတ်မှုခင်းဖြစ်ပွားမှုနည်းပါးပြီး တည်ငြိမ်အေးချမ်းမှုရှိပါသည်။ ကျေးရွာတွင် မိုဘိုင်းဖုန်းဆက်သွယ်ရေးကို ဈေးကွက်နှင့် အခြားလူမှုဝန်ဆောင်မှုလုပ်ငန်းများအတွက် လက်လှမ်းမှီ အသုံးပြုနိုင်ကြသည်။

## (ခ) အဟန့်အတားနှင့် စိန်ခေါ်မှု

ကျေးရွာအနေအထားအရ ယေဘုယျအားဖြင့် အဟန့်အတားစိန်ခေါ်မှု အများအပြား မတွေ့ရ ပါ။ ကျေးရွာမှအသုံးပြုရသည့် ဒါးက-မန္တလေးကုန်း တာလမ်းမကြီး မြေသားလမ်းဖြစ်နေခြင်း၊ မိုးရာသီ တွင် ကျေးရွာအတွင်း ရေကြီးရေလျှံခြင်းများမှာ အဓိကဖြစ်ပါသည်။ အဆိုပါ လမ်းမကြီးမှာ ကျေးရွာ အတွက် လွန်စွာအထောက်အကူပြုသော်လည်း မြေသားလမ်းဖြစ်၍ မိုးတွင်းကာလတွင် ရွှံ့နွံထူထပ်မှု၊ လမ်းပျက်စီးမှုများကြောင့် သွားလာရအဆင်မပြေပါ။ ထို့ကြောင့် ရာသီမရွေးသွားလာနိုင်ရေး ဆောင်ရွက် ရန်လိုအပ်ပါသည်။ ကျေးရွာရှိ အဖွဲ့များကြား ပူးပေါင်းပါဝင်ဆောင်ရွက်မှုရှိသော်လည်း ခေါင်းဆောင်မှု အပိုင်းနှင့် ညှိနှိုင်းဆောင်ရွက်မှု အပိုင်းတွင် စနစ်ကျမှု အနည်းငယ်အားနည်းကြောင်းတွေ့ရှိရသည်။

စိုက်ပျိုးမြေတိုးချဲ့နိုင်မှုနှင့်ပတ်သက်ပြီး မြေလွတ်မြေရိုင်းများ ထပ်မံမတိုးချဲ့နိုင်တော့ပဲ လက်ရှိမြေပေါ်တွင်သာ ထုတ်လုပ်မှုတိုးမြှင့်ရန် ဆောင်ရွက်နေကြရပါသည်။ သီးနှံပိုးမွှား/ ရောဂါများကျရောက်မှုအန္တရာယ်တို့နှင့်ရင်ဆိုင်ရပြီး စိုက်ပျိုးရေးအတွက် အဟန့်အတားနှင့် စိန်ခေါ်မှုတစ်ခုအဖြစ်တည်ရှိနေပါသည်။

ကျေးရွာတွင် မူလတန်းလွန်ကျောင်းရှိပြီး ကျောင်းဆောင် (၂) ဆောင် ရှိပါသည်။ အလယ်တန်း၊ အထက်တန်းပညာကို အခြားကျေးရွာများသို့ သွားရောက်သင်ယူရသဖြင့် နွေအခါတွင် အဆင်ပြေသော်လည်း မိုးတွင်းကာလတွင် ရေကြောင်းဖြင့် သွားလာမှုကြောင့် ကလေးငယ်များအတွက် သွားလာရေးအခက်အခဲရှိပါသည်။ ကျေးရွာတွင် ကျန်းမာရေးပံ့ပိုးပစ္စည်းများနှင့် ဝန်ဆောင်မှုများမရှိသဖြင့် (၂) မိုင်ခန့်ဝေးသည့် ဒါးက ကျေးလက်ဆေးပေးခန်း၊ တိုက်နယ်ဆေးရုံသို့ သွားလာရာတွင် မိုးတွင်းကာလ၌ ရေကြောင်းလမ်းဖြင့် သွားလာရခြင်း၊ မြေသားလမ်းအသုံးပြု၍ မရခြင်းတို့ကြောင့် သွားလာရေးခက်ခဲခြင်း၊ အချိန်ကြာမြင့်ခြင်းတို့ ရှိသဖြင့် အခက်အခဲ ရှိပါသည်။

## ၆။ ပန်းတိုင်နှင့် မဟာဗျူဟာ

### (က) ဖွံ့ဖြိုးရေးပန်းတိုင်

ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ အဖွဲ့နှင့် တိုင်ပင်ညှိနှိုင်းပြီးလာမည့် ငါးနှစ်တာကာလအတွက် ကျေးရွာဖွံ့ဖြိုးရေးပန်းတိုင်များကို အောက်ပါအတိုင်း ချမှတ်ထားပါသည်-

က.၁) ကျွန်ုပ်တို့ကျေးရွာလူထုသည် စိုက်ပျိုးထုတ်ကုန်ထုတ်လုပ်မှု မြှင့်တင်နိုင်ရေးအတွက် ချောင်းကော/ မြောင်းကောများ ပြန်လည်တူးဖော်ပေးရန်၊ မွေးမြူရေးနှင့်ဆိုင်သောနည်းပညာများ သင်တန်းပို့ချရန်၊ ကျေးရွာအတွင်း လမ်းအူကြောင်းဖော်၍ မြေသားလမ်းအဖြစ်မြေဖို့ရန်၊ ရွာချင်းဆက်လမ်းများအား ကျောက်ကြမ်းခင်းခြင်းများ ဆောင်ရွက်ရန်၊ ကျေးရွာရှိ အုတ်တံတား အဟောင်းအား ကွန်ကရစ်တံတားအဖြစ် အဆင့်မြှင့်တင်ရန်၊ အလုပ်အကိုင် အခွင့်အလမ်းများဖန်တီးခြင်း၊ သက်မွေးပညာသင်တန်းများ ပို့ချပေးခြင်းများမှတစ်ဆင့် ဝင်ငွေရှာဖွေနိုင်စွမ်းနှင့် စီးပွားရေး အနေအထားကို တိုးတက်ရရှိစေမည်။

က.၂) ကျွန်ုပ်တို့ရွာလူထုသည် ပညာရေးဝန်ဆောင်မှု၊ ကျန်းမာရေးဆိုင်ရာဝန်ဆောင်မှုနှင့် ကျေးရွာအခြေခံအဆောက်အဦများကို တိုးတက်ကောင်းမွန်လာအောင် ဆောင်ရွက်ခြင်းဖြင့် ကျေးရွာသူ/ သားများ ပညာရည်မြင့်မားပြီး လူသားဆိုင်ရာစွမ်းဆောင်ရည် နယ်ပယ်ကို ကျယ်ဝန်းလာစေကာ လူနေမှု ဘဝတိုးတက်ကောင်းမွန်လာစေရမည်။

က.၃) ကျွန်ုပ်တို့ကျေးရွာရှိ လူငယ်များ အရက်သေစာသောက်စားမှုလျော့နည်းပြီး တွေးခေါ် မြော်မြင်မှုနှင့် ယဉ်ကျေးမှု ပိုမိုမြင့်မားလာစေရမည်။

## (ခ) အကောင်အထည်ဖော်နည်းဗျူဟာ

ကျွန်ုပ်တို့သည် အထက်တွင်ဖော်ပြထားသော ကျေးရွာဖွံ့ဖြိုးရေးပန်းတိုင်များကို ရောက်ရှိရန် အောက်ပါအကောင်အထည်ဖော်မှုများကို ဆောင်ရွက်သွားကြမည် -

ခ.၁) ကျေးရွာတွင် စိုက်ပျိုးရေး၊ မွေးမြူရေး လုပ်ငန်းများ တိုးချဲ့နိုင်ရေး အရင်းအနှီးချေးငွေ ရရှိပြီးဖြစ်၍ မြို့နယ်ရှိ ဘဏ်များ၊ ပုဂ္ဂလိကရင်းနှီးငွေရရှိနိုင်ရာ အခြားနေရာများနှင့် ချိတ်ဆက် ဆောင်ရွက်သွားမည်။

ခ.၂) ကျွန်ုပ်တို့သည် အသက်မွေးဝမ်းကျောင်းဆိုင်ရာသင်တန်းများ တက်ရောက်နိုင်ရန် သက်ဆိုင်ရာဌာနများ၊ အဖွဲ့အစည်းများနှင့်ချိတ်ဆက်၍ သင့်တော်သောသင်တန်းသား များကို ရွေးချယ်စီစဉ်ပေးမည်။ ထိုသင်တန်းများသည် သင်တန်းသားများအတွက် ကျွမ်းကျင်မှုများကို တိုးပွားရရှိစေပြီး ဝင်ငွေရလုပ်ငန်းများ ထူထောင်တိုးချဲ့နိုင်ရန် အထောက်အကူပြုပေမည်။

ခ.၃) ကျေးရွာတွင် စိုက်ပျိုးရေးဆောင်ရွက်ရာတွင် အဆင်ပြေနိုင်ရန် ချောင်းကော/ မြောင်း ကောများအား ပြန်လည်တူးဖော်နိုင်ရေး သက်ဆိုင်ရာဌာနများနှင့် ချိတ်ဆက်ဆောင် ရွက်သွားမည်။ မွေးမြူရေးဆိုင်ရာနည်းပညာသင်တန်းများပို့ချခြင်း၊ ခေတ်မီ မွေးမြူ ရေးဆိုင်ရာစနစ်များ လက်တွေ့သရုပ်ပြပို့ချခြင်းများရရှိရန် သက်ဆိုင်ရာဌာနများနှင့် ချိတ်ဆက်ဆောင်ရွက်သွားမည်။

ခ.၄) ကျေးရွာတွင် ကျေးရွာလမ်းနှင့် ရွာချင်းဆက်လမ်းများ တိုးတက်ကောင်းမွန်ရေးအတွက် တိုးချဲ့နိုင်ရန်၊ ကျေးရွာတံတားများ ပြုပြင်နိုင်ရန်၊ သောက်သုံးရေအတွက် ရေတွင်း များ၊ စက်ရေတွင်းများ ရရှိနိုင်ရန် သက်ဆိုင်ရာဌာနများနှင့် ချိတ်ဆက်ဆောင်ရွက်သွား မည်။ ကျေးရွာလူမှုအဖွဲ့အစည်းများနှင့် ကျေးရွာအခြေပြုလုပ်ငန်းများကို အကောင် အထည်ဖော် စီမံခန့်ခွဲနိုင်ရန် ခေါင်းဆောင်မှုစွမ်းရည်များ ပိုမိုရရှိအောင်ဆောင်ရွက်ရန် တိုက်တွန်း အားပေးဆောင်ရွက်မည်။

## ၇။ ကျေးရွာဖွံ့ဖြိုးတိုးတက်မှုကိစ္စရပ်များနှင့် ဗဟိုအဆင့်မူဝါဒများအကြား အစီအစဉ်ကျသော ချိတ်ဆက်မှုများ

အစိုးရ၏မူဝါဒနှင့် လုပ်ငန်းအစီအစဉ်တို့ကို ရင်းနှီးကျွမ်းဝင်ပြီးသော အစိုးရဌာနဆိုင်ရာများနှင့် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၏ နည်းပညာအကြံပေးအဖွဲ့တို့၏ အကြံပြုချက်အရပြုစုဖော်ပြထားပါသည်။ ဤအဖွဲ့အစည်းများအနေဖြင့် နိုင်ငံတော်အဆင့်မှသည် ဒေသဆိုင်ရာအဆင့်၊ ထိုမှတစ်ဆင့် ကျွန်ုပ်တို့ကျေးရွာအဆင့်ထိ ပံ့ပိုးမှုပေးနိုင်မည့် အစိုးရဌာနများနှင့် အဖွဲ့အစည်းများကို ရှာဖွေဖော်ထုတ်ပေးနိုင်ကြပါမည်။

### (က) ကျေးရွာဖွံ့ဖြိုးရေးရည်မှန်းချက်ရေးဆွဲခြင်းနှင့် ပုံမှန်စိစစ်ခြင်း

ဤကျေးရွာဖွံ့ဖြိုးရေး အစီအစဉ်လုပ်ငန်းအား နည်းပညာအထောက်အပံ့များ ပံ့ပိုးပေးမှုသည် အလွန်အရေးပါပါသည်။ အနာဂါတ်တွင်လည်း ရေရှည်တည်တံ့မည့်အထောက်အပံ့များကို နိုင်ငံတော်အစိုးရထံမှရရှိမည်ဟုမျှော်လင့်ပါသည်။ ကျွန်ုပ်တို့ကျေးရွာသားများကိုယ်တိုင် အားထုတ်လုပ်ကိုင်ရရှိခဲ့မှုများကို ပြန်လည်စိစစ်ခြင်း၊ နောက်ဆုံးအတည်ပြုထားသည့် ဖွံ့ဖြိုးရေးအစီအစဉ်များကိုလည်း သတ်မှတ်ကာလအတိုင်း ပုံမှန်စိစစ်သွားနိုင်ပါမည်။ အရေးကြီးသည့်အချက်မှာ ဦးစားပေးစီမံချက်များနှင့် ဘတ်ဂျတ်ပမာဏပါဝင်သည့် နှစ်ပတ်လည်ဖွံ့ဖြိုးရေးစီမံချက်ပြင်ဆင်ရန်ဖြစ်သည်။

### (ခ) စံချိန်မီ စာသင်ကျောင်းဆောင် ဆောက်လုပ်ခြင်း

ကျေးရွာတွင် မူလတန်းလွန်ကျောင်း တည်ရှိပြီး ကျောင်းဆောင် (၂) ဆောင်အနက် တစ်ဆောင်မှာ သစ်သားကျောင်းဆောင်ဖြစ်ပါသည်။ အဆိုပါ သစ်သားဆောင်အား စံချိန်မီသော ကျောင်းဆောင်သစ်အဖြစ် တည်ဆောက်ရန်နှင့် အားကစားပစ္စည်းအချို့အား သက်ဆိုင်ရာ ပညာရေးဝန်ကြီးဌာနနှင့် ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနတို့မှ ဆောင်ရွက်ပေးနိုင်ရေး တင်ပြပါမည်။ လူငယ်တို့လေ့လာစရာ စာကြည့်တိုက်မရှိသဖြင့် သတ်မှတ်ပုံစံအတိုင်းဆောက်လုပ်ပေးနိုင်ရေး တင်ပြဆောင်ရွက်ပါမည်။

### (ဂ) ကျေးရွာတွင်းလမ်း၊ ကျေးရွာချင်းဆက်လမ်းအဆင့်မြှင့်ပြုပြင်ခြင်း/ ဆောင်ရွက်ခြင်း

လက်ရှိအသုံးပြုနေသော ရွာလမ်းမှာ လမ်းအဖြစ် သတ်သတ်မှတ်မှတ်မရှိဘဲ အနိမ့်အမြင့် ဖြစ်နေသဖြင့် ရေကြီးရေလျှံချိန်တွင် လမ်းပျောက်နေပါသည်။ အဆိုပါ လမ်းအူကြောင်းအတိုင်း လှေဖြင့်သာ သွားလာနေကြရပါသည်။ လမ်းအူကြောင်းအား မြေသားလမ်းအဖြစ် ထု မြှင့်ကာ တာအဖြစ် ဖို့ပါမည်။ ဆက်လက်၍ ရာသီမရွေးသွားလာနိုင်ရေးအတွက် ကွန်ကရစ်လမ်းအဖြစ် တိုးချဲ့အဆင့်မြှင့်တင်ပေးနိုင်ရန် သက်ဆိုင်ရာဌာနများနှင့် ချိတ်ဆက်ဆောင်ရွက်ပါမည်။ နောင်လာမည့်နှစ်များတွင်လည်း လိုအပ်

သလို ပြုပြင်ထိန်းသိမ်းမှုများကို သက်ဆိုင်ရာနှင့် ကျေးရွာမှပူးပေါင်းကာ ဆက်လက်ဆောင်ရွက်သွားပါမည်။ အုတ်တံတား အပေါင်းအား ကွန်ကရစ်အဖြစ် အဆင့်မြှင့်တင်ရန် သက်ဆိုင်ရာဌာနများနှင့် ချိတ်ဆက်ဆောင်ရွက်ပါမည်။

**(ဃ) အသက်မွေးဝမ်းကျောင်းဆိုင်ရာလုပ်ငန်းများဖန်တီးပေးရေး**

ကျေးရွာရှိ ကျောင်းဆက်မတက်နိုင်သော လူငယ်များအတွက် မိမိဘဝတိုးတက်ရာ အာမခံချက်ပေးနိုင်သော လုပ်ငန်းများပေါ်တွင် ကျွမ်းကျင်မှုအားနည်းကြပါသည်။ ထိုနည်းတူစွာပင် လက်လုပ်လက်စားကျပန်းများမှာလည်း လုပ်ငန်းအတည်တကျမရှိဘဲ၊ ရာသီပေါ်သီးနှံများပေါ်တွင်သာ ကျပမ်းအဖြစ် လုပ်ကိုင်စားသောက်နေကြရပြီး စက်ကိရိယာများအသုံးပြုသည့် ရိတ်သိမ်းချိန်ကာလတွင် အလုပ်အကိုင်ရှားပါးတက်ပါသည်။ ထိုသူများအတွက် သင့်တော်သော အသက်မွေးဝမ်းကျောင်းဆိုင်ရာ အတတ်ပညာများရရှိအောင် သက်ဆိုင်ရာဌာနများ၊ ပြင်ပအဖွဲ့များနှင့် ချိတ်ဆက်ပြီး ကူညီ ဆောင်ရွက်ပေးစေလိုပါသည်။

**(င) စိုက်ပျိုးရေး အတွက် အထောက်အကူပြုရေးဆောင်ရွက်ခြင်း**

စိုက်ပျိုးရေးနှင့် ပတ်သက်၍ စိုက်ပျိုးရေ အလွယ်တကူ ရရှိနိုင်ရေးအတွက် ပျောက်ဆုံးနေပြီဖြစ်သည့် ချောင်းကော/ မြောင်းကောများအား ပြန်လည်တူးဖော်ပေးရန် သက်ဆိုင်ရာဌာနများမှ ဆောင်ရွက်ပေးနိုင်ရေး တင်ပြပါမည်။

**၈။ စီမံကိန်း၊ စီမံချက်များနှင့် အကောင်အထည်ဖော်ဆောင်ရွက်မှု အချိန်ကာလ**

ဗျူဟာဆိုသည်မှာ ချမှတ်ထားသော ပန်းတိုင်များကို ရောက်ရှိရန် အကောင်ထည်ဖော်မည့် နည်းလမ်းဖြစ်သည်။ နည်းလမ်းဆိုသည်မှာ မည်သည့်စီမံချက်များကို မည်သို့အကောင်ထည်ဖော်မည် ဆိုသည့်သဘောပင်ဖြစ်သည်။ ထို့ကြောင့် စီမံချက်များသည် ချမှတ်ထားသော ပန်းတိုင်များကိုရောက်ရှိရန် ငါးနှစ်တာစီမံချက်ကာလအတွင်းပါဝင်မည့် ဖွံ့ဖြိုးရေးလုပ်ငန်းအကောင်အထည်ဖော်မှုဆိုင်ရာ အဓိကသော့ချက်များဖြစ်သည်။

**(က) နှစ်ပတ်လည်ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်**

ကျေးရွာလူထုက ငါးနှစ်တာအတွက် စီမံကိန်းရေးဆွဲစဉ်အချိန်က ဦးစားပေးအစီအစဉ်ချခဲ့သော စီမံကိန်းများသည် ငါးနှစ်တာလုံးအတွက် ပြီးပြည့်စုံပြီဟုမဆိုနိုင်ပါ။ ဦးစားပေးစီမံကိန်းအချို့ကို ရှေ့ပိုင်းနှစ်များတွင် ဆောင်ရွက်နေစဉ် နောက်ထပ်ဦးစားပေးစီမံကိန်းအသစ်များပေါ်လာပါမည်။ ပုံမှန်အားဖြင့် စနစ်တကျရေးဆွဲထားသော ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်မူဘောင်သည် သဘာဝဘေးအန္တရာယ် ဆိုးဆိုး

ဝါးဝါးမကျပါက ပြောင်းလဲမှုသိသိသာသာမရှိနိုင်ပဲ နောက်တိုးဦးစားပေးစီမံကိန်း လုပ်ငန်းအချို့ကို နှစ်ပတ်လည်ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်တွင် ထည့်သွင်းခြင်းအားဖြင့် အစဉ်သဖြင့် ငါးနှစ်တာ စီမံချက်တစ်ခု အသင့်အနေအထားတွင် ရှိနေပါမည်။

## (ခ) ကဏ္ဍနှင့် ရင်းနှီးမြှပ်နှံမှုအမျိုးအစားကို အခြေခံ၍ စီမံချက်ကို အုပ်စုခွဲခြားခြင်း

စီမံကိန်းများကို မည်သည့်ဝန်ကြီးဌာန၊ ဦးစီးဌာနနှင့် သက်ဆိုင်သည်ဟု လုပ်ငန်းကဏ္ဍဆိုင်ရာ အရခွဲခြားခြင်း (Functional classification) နှင့် စီးပွားရေးအကျိုးဖြစ်ထွန်းမှုနှင့် အကျိုးသက်ရောက်မှုဆိုင်ရာ ရင်းနှီးမြှပ်နှံမှုကိုအခြေခံ၍ အုပ်စုသတ်မှတ်ခြင်း (Economic classification) ဟူ၍ နှစ်မျိုး ရှိသည်။

*လုပ်ငန်းကဏ္ဍကို အခြေခံ၍ စီမံကိန်းအုပ်စုသတ်မှတ်ခြင်း (Functional classification)* – ဝန်ကြီးဌာနများ၊ ဦးစီးဌာနများက ယင်းတို့၏လုပ်ငန်းတာဝန်များအလိုက် ဖော်ထုတ်ထားသော လုပ်ငန်းကဏ္ဍအပိုင်းအခြားများကို သိရှိစေနိုင်သည်။

*ရင်းနှီးမြှပ်နှံမှုအမျိုးအစားကိုအခြေခံ၍ စီမံကိန်းအုပ်စုသတ်မှတ်ခြင်း (Economic classification)* တွင်

- သာမန်အသုံးစရိတ်
- ငွေလုံးငွေရင်းအသုံးစရိတ်၊
- စွမ်းဆောင်ရည်မြှင့်တင်ရေးအသုံးစရိတ်
- လူသားချင်းစာနာမှုဆိုင်ရာ အထောက်အပံ့တို့ ပါဝင်သည်။

## (ဂ) ဦးစားပေးစီမံချက်များ

စီမံချက်များအလိုက် ဦးစားပေးအစီအစဉ်များကို ဇယားဖြင့်ဖော်ပြထားပါသည်။ ကျေးရွာလူထုသည် နှစ်သက်ရာအမှတ်ပေးအဆင့်ခွဲခြင်းစနစ်ဖြင့် ရွာလုံးကျွတ်အစည်းအဝေးတွင် စီမံချက်များ ဦးစားပေးအစီအစဉ်ကို ဖော်ထုတ်ထားပါသည်။ တချို့စီမံချက်များကို ရေးဆွဲရာတွင် မြို့နယ်အဆင့် ဌာနဆိုင်ရာအဖွဲ့အစည်းများနှင့် အခြားအေဂျင်စီများထံမှ နည်းပညာအကူအညီများရရှိရန်လည်းလိုအပ်ပါသည်။ ကျေးရွာဖွံ့ဖြိုးရေးအစည်းအဝေးတွင် သဘောတူသတ်မှတ်ထားသော ဦးစားပေးစီမံချက်လုပ်ငန်းများမှာ အောက်ပါအတိုင်း ဖြစ်ပါသည်။

## ဧရာဝတီတိုင်းဒေသကြီး၊ ကန်ကြီးထောင့်မြို့နယ်၊ ရေကျော်ကုန်းကျေးရွာ၊ ဦးစားပေးစီမံချက်များ

| ကဏ္ဍ/ ကဏ္ဍခွဲ | စီမံချက် | ရမှတ် ပေါင်း | ဦးစားပေး အဆင့် | ဖော်ပြချက် | မှတ်ချက် |
|---|---|---|---|---|---|
| *အခြေခံအဆောက်အအုံ* | | | | | |
| | ၁။ လမ်းပန်းဆက်သွယ်သွယ်ရေး ပိုမိုတိုးတက်ကောင်းမွန်ရေး ဆောင်ရွက်ခြင်း | ၁၀၀ | ၁ | - ရွာတွင်းလမ်းဖော်ထုတ်၍ မြေသားလမ်းအဖြစ် ပြုပြင်ပေးရန်<br>- ရွာချင်းဆက်လမ်းမကြီးအား ကျောက်ကြမ်းလမ်းအဖြစ် အဆင့်မြှင့်တင်ရန် | ကျေးလက်/ လမ်း ဦးစီးဌာန |
| | ၂။ ကွန်ကရစ်တံတား တည်ဆောက်ရန် | ၉၉ | ၂ | - လက်ရှိ အုတ်တံတား အဟောင်းအား ကွန်ကရစ် တံတားအဖြစ် ပြန်လည် ပြုပြင်တည်ဆောက်ရန် | ကျေးလက် ဦးစီးဌာန |
| *ပညာရေး* | | | | | |
| | ၃။ ကျောင်းဆောင်သစ် တည်ဆောက် ပေးရန် | ၉၀ | ၃ | - ကျေးရွာတွင် စာသင်ဆောင် (၂) ဆောင်အနက် အလယ်တန်းကျောင်းဆောင်အား သစ်သားကျောင်းဆောင် အဆင့်မှ ပညာရေးဝန်ကြီးဌာန သတ်မှတ်ပုံစံဖြင့် ပြန်လည် တည်ဆောက်ပေးရန် | ပညာရေး ဦးစီးဌာန |
| *စိုက်ပျိုးရေး* | | | | | |
| | ၄။ ချောင်းကော/ မြောင်းကော များ တူးဖော်ရန် | ၈၅ | ၄ | - စိုက်ပျိုးရေ လုံလောက်စွာ အလွယ်တကူရရှိရေးအတွက် ချောင်းကော/ မြောင်းကောများအား ပြန်လည်တူးဖော်ပေးရန် | စိုက်ပျိုးရေး ဦးစီးဌာန |

| ကဏ္ဍ/ ကဏ္ဍခွဲ | စီမံချက် | ရမှတ် ပေါင်း | ဦးစားပေး အဆင့် | ဖော်ပြချက် | မှတ်ချက် |
|---|---|---|---|---|---|
| *မွေးမြူရေး* | | | | | |
| | ၅။ မွေးမြူရေးဆိုင်ရာ နည်းပညာ သင်တန်းများပေးရန် | ၈၀ | ၅ | - မွေးမြူရေးလုပ်ငန်းမှ ဝင်ငွေအထိုက်အလျောက် ရရှိနိုင်ရေးအတွက် မျိုးကောင်းမျိုးသန့်ရရှိရေးနှင့် မွေးမြူရေးဆိုင်ရာ နည်းပညာသင်တန်းများ ပို့ချခြင်း၊ လက်တွေ့ဆောင်ရွက်ပေးခြင်း | မွေး/ ကု ဦးစီးဌာန |
| *လူငယ်ဖွံ့ဖြိုးရေး* | | | | | |
| | ၆။ ကျေးရွာတွင် စာကြည့်တိုက် တည်ဆောက်ပေးရန် | ၇၉ | ၆ | - ကျေးရွာတွင် စာကြည့်တိုက်မရှိပါသဖြင့် ပညာရေးဝန်ကြီးဌာနမှ သတ်မှတ်ထားသော ပုံစံဖြင့် စာကြည့်တိုက်တစ်ခု ဆောက်လုပ်ပေးရန် | ပညာရေး ဦးစီးဌာန |
| | ၇။ကျေးရွာတွင် သက်မွေးဝမ်းကျောင်း နည်းပညာဆိုင်ရာ သင်တန်းပေးရန် | ၇၅ | ၇ | - သက်မွေးဝမ်းကျောင်း နည်းပညာသင်တန်းများ ပို့ချခြင်း၊<br>- အလုပ်အကိုင် အခွင့်အလမ်းများ ဖန်တီးပေးခြင်း၊ | ကျေးလက် ဦးစီးဌာန |

## (ဃ) အကောင်အထည်ဖော်မည့် အချိန်ကာလ

အောက်ပါဇယားတွင် လုပ်ငန်းစတင်ရန်၊ ပြီးဆုံးရန် ခန့်မှန်းဖော်ပြထားသည့် ဦးစားပေး စီမံချက်များ၏ အချိန်ဇယားကို ဖော်ပြထားပါသည်။ ဤအစီအစဉ်ကို နှစ်အလိုက် လိုအပ်သလိုဖြည့် စွက်ပြင်ဆင်ပြီး နှစ်ပတ်လည်ကျေးရွာဖွံ့ဖြိုးရေး စီမံချက်ရေးဆွဲရာတွင်လည်း ထည့်သွင်းပေးမည်။

| စီမံချက် | အဆင့် | ၂၀၁၈ | ၂၀၁၉ | ၂၀၂၀ | ၂၀၂၁ | ၂၀၂၂ |
|---|---|---|---|---|---|---|
| ၁။ လမ်းပန်းဆက်သွယ်သွယ်ရေးတိုးတက်ကောင်းမွန်အောင် ဆောင်ရွက်ခြင်း | ၁ | —— | | | | |
| ၂။ ကွန်ကရစ်တံတား တည်ဆောက်ရန် | ၂ | | —— | | | |
| ၃။ ကျောင်းဆောင်သစ် တည်ဆောက်ပေးရန် | ၃ | | —— | | | |
| ၄။ ချောင်းကော/ မြောင်းကောများ တူးဖော်ရန် | ၄ | | | —— | | |
| ၅။ မွေးမြူရေးဆိုင်ရာ နည်းပညာ သင်တန်းများပေးရန် | ၅ | | | —— | | |
| ၆။ ကျေးရွာတွင် စာကြည့်တိုက် တည်ဆောက်ပေးရန် | ၆ | | | | —— | |
| ၇။ ကျေးရွာတွင် သက်မွေးဝမ်းကျောင်း နည်းပညာဆိုင်ရာ သင်တန်းပေးရန် | ၇ | | | | | —— |

## ၉။ ဘတ်ဂျက်နှင့်ငွေကြေးဆိုင်ရာအစီအစဉ်

အောက်ပါဇယားတွင် ဖော်ပြထားသောစီမံချက်အလိုက် ဘတ်ဂျက်ပမာဏများသည် ရည်ညွှန်း နမူနာ (indicative) အဖြစ် ကိုးကားရန်သာဖြစ်ပါသည်။ အမှန်တကယ်လိုအပ်သော ဘတ်ဂျက်ပမာဏ တွက်ချက်နိုင်ရန် အသေးစိတ်ဆက်လက်၍ ဆောင်ရွက်ရမည်ဖြစ်ပါသည်။ ကျေးရွာဖွံ့ဖြိုးရေးကော်မတီ သည် အချို့စီမံချက်များကိုရေးဆွဲရာတွင် မြို့နယ်အဆင့်ဌာနဆိုင်ရာအဖွဲ့များအစည်းများနှင့် ဝန်ဆောင် မှုပေးသည့် လုပ်ငန်းရှင်များထံမှ ဘတ်ဂျက်အပါအဝင် စီမံချက်ပြုစုရေးဆွဲရေး အကူအညီများရရှိရန် လည်းလိုအပ်ပါသည်။ ဖော်ပြထားသော ရည်ညွှန်းဘတ်ဂျက်ပမာဏတွင် ကျေးရွာလူထု၏ ငွေသား မဟုတ်သောထည့်ဝင်မှုများကို ထည့်သွင်းဖော်ပြထားခြင်းမရှိပါ။ (ငွေသားမဟုတ်သော ထည့်ဝင်မှု၊ ဥပမာ လုပ်အား၊ သဲ၊ ကျောက်၊ ပစ္စည်းကိရိယာ၊ အချိန် စသည်)

**စီမံချက်ဘတ်ဂျတ်**

| စဉ် | စီမံချက် | ရန်ပုံငွေ (သိန်း) | ရင်းနှီးမြှုပ်နှံမှုအရအုပ်စုသတ်မှတ်ခြင်း(ကျပ်) | | | |
|---|---|---|---|---|---|---|
| | | | သာမန်အသုံးစရိတ် | ငွေလုံးငွေရင်းအသုံးစရိတ် | | လူသားချင်းစာနာမှုဆိုင်ရာထောက်ပံ့မှု |
| | | | | ငွေလုံးငွေရင်းအသုံးစရိတ် | စွမ်းဆောင်ရည်မြှင့်တင်ရေး | |
| ၁ | လမ်းပန်းဆက်သွယ်သွယ်ရေး တိုးတက်ကောင်းမွန်အောင် ဆောင်ရွက်ခြင်း | | | √ | | |
| ၂ | ကွန်ကရစ်တံတား တည်ဆောက်ရန် | | | √ | | |
| ၃ | ကျောင်းဆောင်သစ်တည်ဆောက်ပေးရန် | | | √ | | |
| ၄ | ချောင်းကော/ မြောင်းကောများ တူးဖော် ရန် | | | √ | | |
| ၅ | မွေးမြူရေးဆိုင်ရာ နည်းပညာ သင်တန်း များပေးရန် | | | | √ | √ |
| ၆ | ကျေးရွာတွင် စာကြည့်တိုက် တည်ဆောက်ပေးရန် | | | √ | | |
| ၇ | ကျေးရွာတွင် သက်မွေးဝမ်းကျောင်း နည်းပညာဆိုင်ရာ သင်တန်းပေးရန် | | | | √ | √ |

## ၁၀။ ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများအကောင်အထည်ဖော်မည့် နည်းလမ်းနှင့် အစီအစဉ်များ

ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်ကို ကျေးရွာလူထုက ဦးဆောင်အကောင်ထည်ဖော်မည်ဖြစ်သဖြင့် လုပ်ငန်းအောင်မြင်ရေးနှင့် ရည်မှန်းချက်များသို့ ရောက်ရှိရေးမှာ ကျေးရွာတွင်တာဝန်ရှိပါသည်။

### (က) ကျေးရွာဖွံ့ဖြိုးရေးကော်မတီ၏ အခန်းကဏ္ဍ

ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်တွင်ပါဝင်သော စီမံကိန်းလုပ်ငန်းများကို အထိရောက်ဆုံး အကောင်အထည်ဖော်ရန်တာဝန်မှာ ကျွန်ုပ်တို့ကျေးရွာလူထု၏တာဝန်ဖြစ်ပါသည်။ ကျွန်ုပ်တို့ကျေးရွာ

